ကိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနမှ သုတေသနပြု၍ အခမဲ့ ဖြန့်ဝေပါသည်။

# AGRIBUSINESS BULLETIN

## မျိုးစေ့

Vol (6), April, 2023

## (က) ကမ္ဘာ့မျိုးစေ့ဈေးကွက်

၁။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းများ၊ ပန်းမန်စိုက်ပျိုးရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများတွင် အသုံးပြုသည့်မျိုးစေ့များကို ရောင်းဝယ်ဖောက်ကားသည့် မျိုးစေ့ဈေးကွက်တွင် ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ သီးနှံမျိုးစေ့များ၊ ပန်းမန်မျိုးစေ့များ၊ ဆေးဘက်ဝင်အပင်မျိုးစေ့များ၊ မြက်မျိုးစေ့များ အစရှိသဖြင့် အမျိုးအစား စုံလင်စွာ ရောင်းချကြပါသည်။ မျိုးစေ့များသည် စိုက်ပျိုးရေးလုပ်ငန်းများ၏ အခြေခံကျသော သွင်းအားစုတစ်ခုဖြစ်သည့်အပြင် သီးနှံအထွက်နှုန်း မြင့်မားရေးအတွက်လည်း အဓိကကျသဖြင့် မျိုးစေ့ဈေးကွက်သည် စိုက်ပျိုးရေးကဏ္ဍတွင် ထင်ရှားသောကဏ္ဍတစ်ရပ်အဖြစ် ရပ်တည်နေပါသည်။

၂။ မျိုးစေ့ထုတ်လုပ်မှုနှင့် ဈေးကွက်ကြီးမားလာမှုသည် တိုးပွားလာသောလူဦးရေ၊ ပြောင်းလဲလာသော စားသောက်မှုပုံစံများ၊ ရာသီဥတုပြောင်းလဲလာမှုနှင့် Genetic engineering ပိုမိုတိုးတက်လာသည့် အကြောင်းအရင်းများအပေါ်မူတည်ပါသည်။ ကမ္ဘာ့လူဦးရေတိုးပွားလာသည်နှင့်အမျှ စားနပ်ရိက္ခာလိုအပ်မှု ပမာဏမြင့်မားလာခြင်းကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု၏ အခြေခံလိုအပ်ချက်ဖြစ်သော မျိုးစေ့များ ထုတ်လုပ်ရောင်းချသည့် မျိုးစေ့ဈေးကွက်သည် လာမည့်နှစ်အနည်းငယ်အတွင်း ပိုမိုကြီးထွားလာနိုင်ဖွယ်ရှိပါသည်။ တောင်သူများ၏ စိုက်ပျိုးရန်မျိုးစေ့အရင်းအမြစ် (၃) မျိုးမှာ စိုက်ပျိုးထွက်ရှိပြီးနောက် မျိုးအဖြစ်ချန်ထားလေ့ရှိသောမျိုးစေ့များ (Farm-saved seeds)၊ အစိုးရဌာနများမှ ဖြန့်ဝေရောင်းချပေးသော မျိုးစေ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ကုမ္ပဏီများမှ ဖြန့်ဖြူးရောင်းချပေးသော မျိုးစေ့များ ဖြစ်ပါသည်။ မူလအစတွင် မျိုးစေ့များအားလုံးသည် Farm-saved seeds များဖြစ်သော်လည်း ခေတ်မီတိုးတက်လာသည်နှင့်အမျှ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ သုတေသနစမ်းသပ်မှုများပြုလုပ်ကာ ဒေသမျိုးရင်းများထက် တောင်သူများ ကြိုက်နှစ်သက်ပြီး ဒေသနှင့်ကိုက်ညီမှုရှိသော မျိုးစေ့အသစ်များကို ထုတ်လုပ်၍ တောင်သူများထံ ဖြန့်ဖြူးခဲ့ကြပါသည်။



ထို့ကြောင့် မျိုးစေ့ဈေးကွက်တွင် သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းများသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေပြီး ကုမ္ပဏီများသည်လည်း ဈေးကွက်အတွင်း ပိုမိုထိုးဖောက်နိုင်ရန် အပြိုင်အဆိုင် သုတေသနပြုလုပ်ကာ ထုတ်လုပ်ရောင်းချလျက်ရှိကြပါသည်။

၃။ မျိုးစေ့ဈေးကွက်၌ ပါဝင်လုပ်ကိုင်နေသော ပုဂ္ဂလိကမျိုးစေ့ကုမ္ပဏီများတွင် ဒေသတွင်းလုပ်ငန်းရှင်များမှ နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်းပါဝင်သောလုပ်ငန်းကြီးများ (Multinational Enterprises) အထိ များစွာပါဝင်နေပြီး ၎င်းကုမ္ပဏီများသည် ဗီဇလက္ခဏာအမျိုးမျိုးပါဝင်သော မျိုးစေ့များကို ယှဉ်ပြိုင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ထိုးဖောက်ရောင်းချလျက် ရှိကြပါသည်။ ကမ္ဘာ့မျိုးစေ့ဈေးကွက်ကို ကုမ္ပဏီကြီးအနည်းငယ်မှသာ လွှမ်းမိုးထားပြီး အဆိုပါကုမ္ပဏီများသည် အခြားလုပ်ငန်းငယ်များထက် သုတေသနလုပ်ငန်းများတွင် ငွေကြေးအမြောက်အမြား ရင်းနှီးမြှုပ်နှံလေ့ရှိကြပါသည်။ သုတေသနပြုထုတ်လုပ်ထားသည့် မျိုးစေ့များကိုလည်း မူပိုင်ခွင့်များ လျှောက်ထားကာ ကမ္ဘာ့နေရာအနှံ့အပြားသို့ ဖြန့်ဖြူးရောင်းချကြပါသည်။

၄။ မျိုးစေ့ဈေးကွက်တွင် အဓိကလွှမ်းမိုးမှုရှိသော ကုမ္ပဏီများမှာ အမေရိကန်အခြေစိုက် ကုမ္ပဏီများဖြစ်ကြသော Monsanto၊ Corteva နှင့် Sakata၊ ဆွစ်ဇာလန်အခြေစိုက် တရုတ်ကုမ္ပဏီဖြစ်သော Syngenta၊ ပြင်သစ်အခြေစိုက် ကုမ္ပဏီဖြစ်သော Limagrain နှင့် ဂျာမနီအခြေစိုက်ကုမ္ပဏီဖြစ်သော Bayer တို့ဖြစ်ကြပြီး အဆိုပါကုမ္ပဏီများသည် အထွက်နှုန်းမြင့်မားခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ရည်ရှိခြင်း၊ အာဟာရဓာတ်မြင့်မားစွာပါဝင်ခြင်းစသည့် မျိုးရိုးဗီဇလက္ခဏာကောင်းများပါဝင်သည့် မျိုးစေ့သစ်များကို အဓိကထားထုတ်လုပ်ကြပါသည်။ မျိုးစေ့ထုတ်လုပ်ရာတွင် အချို့သောအဖွဲ့အစည်းများသည် ဒေသနှင့်ကိုက်ညီမှုရှိသော မျိုးစေ့အသစ်

များကို ဦးစားပေး ထုတ်လုပ်တတ်ကြသော်လည်း အချို့မှာမူ ဒေသမျိုးများကို ကာကွယ်ထိန်းသိမ်းခြင်းနှင့် ဇီဝမျိုးကွဲများ၏ အရည်အသွေးမြှင့်တင်ပေးခြင်း စသည့်လုပ်ငန်းများကိုသာ ဦးစားပေးဆောင်ရွက်တတ်ကြပါသည်။

၅။ မျိုးစေ့များထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် သုံးစွဲသူများအတွက် မျိုးစေ့များ၏ အရည်အသွေး ယုံကြည်စိတ်ချရမှုရှိစေရန် ဒေသတွင်းဥပဒေများ၊ နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများ၊ သဘောတူစာချုပ်များ စသည်တို့နှင့်အညီ တင်းကျပ်စွာ ဆောင်ရွက်ကြပါသည်။ ထို့အပြင် မျိုးစေ့များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကုန်သွယ်မှုပြုရာ၌ အပင်ပိုးမွှားရောဂါများ ပြန့်နှံ့မှုမရှိစေရေး၊ ကန့်သတ်တားမြစ်ထားသော မျိုးစေ့များ ပါဝင်မှုမရှိစေရေးတို့အတွက်လည်း လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ စည်းမျဉ်းမူဘောင်များဖြင့် တင်းကျပ်စွာ ဆောင်ရွက်ကြပါသည်။

၆။ မျိုးစေ့ဈေးကွက်ကို အခြေခံအားဖြင့် မျိုးစေ့အမျိုးအစား၊ သီးနှံအမျိုးအစား၊ မျိုးစေ့ရရှိနိုင်မှု၊ မျိုးစေ့ treatment ၊ မျိုးရိုးဗီဇလက္ခဏာနှင့် ပထဝီအနေအထားတို့အပေါ် မူတည်ပြီး ခွဲခြမ်းစိတ်ဖြာနိုင်ပါသည်။ **မျိုးစေ့အမျိုးအစားအရ** မျိုးစေ့ဈေးကွက်ကို ခွဲခြားပါက မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော မျိုးစေ့နှင့် သမာရိုးကျမျိုးစေ့ဟူ၍ နှစ်မျိုးရှိပါသည်။ **သီးနှံအမျိုးအစားအရ** ခွဲခြားပါက လယ်ယာထွက်သီးနှံအုပ်စု (Field crops)၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးအုပ်စု (Fruits and vegetable crops) ဟူ၍ ခွဲခြားနိုင်ပါသည်။ လယ်ယာထွက်သီးနှံအုပ်စု (Field crops) တွင် ဝါ၊ ပြောင်း၊ ဆန်၊ ဂျုံ၊ လူး၊ ဆပ်ကဲ့သို့သော နှံစားပင်များ၊ နေကြာနှင့် နှံစားပြောင်းတို့ပါဝင်ပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးအုပ်စု (Fruits and vegetable crops) တွင်မူ ခရမ်းချဉ်၊ ရုံးပတီ၊ ငရုတ်၊ ဖရုံ၊ ဘူး၊ ပန်းဂေါ်ဖီ၊ ဂေါ်ဖီ၊ သခွား၊ ခရမ်း၊ ရွှေဖရုံ၊ မုန်လာဥနှင့် မုန်လာဥနီ စသည်တို့ ပါဝင်ပါသည်။ **မျိုးစေ့ရရှိမှုပေါ်မူတည်ပြီး ခွဲခြားပါက** စီးပွားဖြစ်ရောင်းချသောမျိုးစေ့ (commercial seeds) နှင့် မျိုးအဖြစ်အသုံးပြုရန် ချန်လှပ်ထားလေ့ရှိသော မျိုးစေ့ (saved seeds) ဟူ၍ နှစ်မျိုး ခွဲခြားနိုင်ပါသည်။ **မျိုးစေ့ treatment အပေါ် အခြေခံပြီး ခွဲခြားပါက** treatment ပေးထားသော မျိုးစေ့နှင့် treatment မပေးထားသော မျိုးစေ့ဟူ၍ ခွဲခြားနိုင်ပါသည်။ မျိုးစေ့များကို **ဗီဇလက္ခဏာအရ** ခွဲခြားမည်ဆိုပါက ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသောမျိုးစေ့ (herbicide tolerant)၊ ပိုးသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသောမျိုးစေ့ (insecticide resistant) နှင့် မျိုးရိုးဗီဇလက္ခဏာများ ပေါင်းစပ်ပါဝင်သောမျိုးစေ့ (stacked traits) ဟူ၍ သုံးမျိုး ခွဲခြားနိုင်ပါသည်။ မျိုးစေ့ဈေးကွက်ကို **ပထဝီအနေအထားအရ** ခွဲခြားပါက မြောက်အမေရိက၊ ဥရောပ၊ အာရှ-ပစိဖိတ်နှင့် LAMEA (Latin America, the Middle East and Africa) ဟူ၍ အုပ်စုလေးစု ခွဲခြားနိုင်ပါသည်။

၇။ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော မျိုးစေ့များသည် ကမ္ဘာ့မျိုးစေ့ဈေးကွက်ကို လွှမ်းမိုးမှုရှိပြီး အာရှ-ပစိဖိတ်ဒေသသည် မျိုးစေ့ကုန်သွယ်မှု အများဆုံးဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း အာရှ-ပစိဖိတ်ဒေသများအနက် အိန္ဒိယနိုင်ငံသည် ဈေးကွက်ရှယ်ယာပါဝင်မှု အမြင့်ဆုံးဖြစ်ပြီး ထိုသို့မြင့်မားရခြင်းမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးမျိုးစေ့များ ရောင်းချမှုမြင့်မားခြင်းကြောင့် ဖြစ်ပါသည်။


## (ခ) ကမ္ဘာ့မျိုးစေ့ကုန်သွယ်မှုအခြေအနေ

၈။ ၂၀၂၀ ခုနှစ်တွင် **မျိုးစေ့တင်ပို့သည့်နိုင်ငံ (၇၉) နိုင်ငံရှိပြီး** စုစုပေါင်း မျိုးစေ့တင်ပို့မှုပမာဏမှာ လယ်ယာသီးနှံမျိုးစေ့ မက်ထရစ်တန်ချိန် (၅.၄) သန်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့ (၁၄၅,၁၁၂) မက်ထရစ်တန်၊ ပန်းမျိုးစေ့ (၆,၇၆၂) မက်ထရစ်တန်၊ အာလူးမျိုးစေ့ မက်ထရစ်တန်ချိန် (၁.၇) သန်းနှင့် သစ်မျိုးစေ့ (၇၄၀) မက်ထရစ်တန်တို့ဖြစ်ပြီး စုစုပေါင်းတင်ပို့မှုပမာဏမှာ **မက်ထရစ်တန်ချိန် (၇.၃) သန်းခန့်** ဖြစ်ပါသည်။ တင်ပို့မှုတန်ဖိုးမှာ လယ်ယာသီးနှံမျိုးစေ့ အမေရိကန်ဒေါ်လာ (၉.၈) ဘီလီယံ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ အမေရိကန်ဒေါ်လာ (၄.၇) ဘီလီယံ၊ ပန်းမျိုးစေ့ အမေရိကန်ဒေါ်လာ (၄၁၈) သန်း၊ အာလူးမျိုးစေ့ အမေရိကန်ဒေါ်လာ (၉၄၃) သန်းနှင့် သစ်မျိုးစေ့ အမေရိကန်ဒေါ်လာ (၂၀) သန်းတို့ဖြစ်ပြီး စုစုပေါင်းတင်ပို့မှုတန်ဖိုးမှာ **အမေရိကန်ဒေါ်လာ (၁၅.၉) ဘီလီယံ** ဖြစ်ပါသည်။

၉။ အဆိုပါနှစ်တွင် **မျိုးစေ့တင်သွင်းသည့် နိုင်ငံများမှာ (၁၁၈) နိုင်ငံရှိပြီး** မျိုးစေ့တင်သွင်းမှုပမာဏ စုစုပေါင်းမှာ လယ်ယာသီးနှံမျိုးစေ့ မက်ထရစ်တန်ချိန် (၅.၉) သန်း၊ ဟင်းသီးဟင်းရွက်မျိုးစေ့ (၁၅၈,၀၉၅) မက်ထရစ်တန်၊ ပန်းမျိုးစေ့ (၉,၀၈၄) မက်ထရစ်တန်၊ အာလူးမျိုးစေ့ မက်ထရစ်တန်ချိန် (၁.၅) သန်းနှင့် သစ်မျိုးစေ့ (၈၅၁) မက်ထရစ်တန်တို့ဖြစ်ပြီး စုစုပေါင်းတင်သွင်းမှုပမာဏမှာ မက်ထရစ်တန်ချိန် (၇.၅) သန်းဖြစ်ပါသည်။ တင်သွင်းမှုတန်ဖိုးမှာ လယ်ယာသီးနှံမျိုးစေ့ အမေရိကန်ဒေါ်လာ (၉.၁) ဘီလီယံ၊ ဟင်းသီးဟင်းရွက်မျိုးစေ့ အမေရိကန်ဒေါ်လာ (၄.၆) ဘီလီယံ၊ ပန်းမျိုးစေ့ အမေရိကန်ဒေါ်လာ (၃၇၂) သန်း၊ အာလူးမျိုးစေ့

အမေရိကန်ဒေါ်လာ (၈၁၁) သန်းနှင့် သစ်မျိုးစေ့ အမေရိကန်ဒေါ်လာ (၁၉) သန်းတို့ဖြစ်ပြီး စုစုပေါင်းတင်သွင်းမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ (၁၄.၉) ဘီလီယံ ဖြစ်ပါသည်။


၁၀။ ၂၀၂၀ ခုနှစ်၏ မျိုးစေ့တင်ပို့မှု ပမာဏအများဆုံးနိုင်ငံများမှာ နယ်သာလန်၊ ပြင်သစ်၊ အမေရိကန်၊ ပိုလန်၊ ဂျာမနီ၊ ဒိန်းမတ်၊ ကနေဒါ၊ ဘယ်လ်ဂျီယံ၊ ဆလိုဗေးကီးယား၊ ရုရှားတို့ဖြစ်ပြီး တန်ဖိုးအရ မျိုးစေ့တင်ပို့မှုအများဆုံးနိုင်ငံများမှာ နယ်သာလန်၊ ပြင်သစ်၊ အမေရိကန်၊ ဂျာမနီ၊ ဒိန်းမတ်၊ အီတလီ၊ ဟန်ဂေရီ၊ ဩစတြီးယား၊ ပိုလန်နှင့် စပိန်နိုင်ငံတို့ ဖြစ်ကြပါသည်။ ၂၀၂၀ ခုနှစ်၏ မျိုးစေ့တင်သွင်းမှု ပမာဏအများဆုံး နိုင်ငံများမှာ ဘယ်လ်ဂျီယံ၊ အီတလီ၊ နယ်သာလန်၊ စပိန်၊ ဂျာမနီ၊ ပြင်သစ်၊ အမေရိကန်၊ ပိုလန်၊ ယူကေနှင့် ရိုမေးနီးယားတို့ဖြစ်ပြီး တန်ဖိုးအားဖြင့် မျိုးစေ့တင်သွင်းမှု အများဆုံးနိုင်ငံများမှာ နယ်သာလန်၊ ပြင်သစ်၊ ဂျာမနီ၊ အမေရိကန်၊ အီတလီ၊ စပိန်၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ ရုရှားနှင့် ပိုလန်တို့ဖြစ်ကြပါသည်။ ISF ၏ ကိန်းဂဏန်း အချက်အလက်များအရ အဆိုပါနှစ်တွင် မြန်မာနိုင်ငံသည် ဟင်းသီးဟင်းရွက်မျိုးစေ့ (၁၁၆) မက်ထရစ်တန်ကို တင်ပို့ခဲ့ပြီး လယ်ယာသီးနှံမျိုးစေ့ (၁၀,၃၆၈) မက်ထရစ်တန်နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ (၂၃၆) မက်ထရစ်တန်ကို ပြန်လည်တင်သွင်းခဲ့ပါသည်။(ပုံ-၁)




ပုံ (၁) ၂၀၂၀ ခုနှစ်၏ မျိုးစေ့တင်ပို့၊ တင်သွင်းမှု အခြေအနေ

***အရင်းအမြစ်။ International Seed Federation (ISF)***

၁၁။ မျိုးစေ့များကုန်သွယ်မှုအတွက် သတ်မှတ်ထားသော HS code မှာ ၁၂၀၉ ဖြစ်ပြီး ဟင်းသီးဟင်းရွက်မျိုးစေ့များ ကုန်သွယ်ရန်အတွက် HS code ၁၂၀၉၉၁ ကို အသုံးပြုကြပါသည်။ ကုန်စည်အမည်ဖော်ပြချက်မှာ **Seed; vegetable seed, of a kind used for sowing** ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်၌ ဟင်းသီးဟင်းရွက်မျိုးစေ့ တင်ပို့သောနိုင်ငံ (၁၁၁) နိုင်ငံရှိပြီး အဓိကတင်ပို့သောနိုင်ငံများမှာ နယ်သာလန်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ပြင်သစ်၊ အမေရိကန်၊ အီတလီ၊ ချီလီ၊ အစ္စရေး၊ တရုတ်၊ ထိုင်းနှင့် စပိန်နိုင်ငံတို့ ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ တင်ပို့မှုတန်ဖိုးသည် ကမ္ဘာ့တင်ပို့မှု၏ (၈၆) ရာခိုင်နှုန်းရှိပြီး တင်ပို့မှု အများဆုံးဖြစ်သော နယ်သာလန်နိုင်ငံမှ (၃၂.၅) ရာခိုင်နှုန်းအထိ တင်ပို့ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၏ စုစုပေါင်းတင်ပို့မှု ပမာဏသည် မက်ထရစ်တန်ချိန် (၀.၂) သန်းဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ (၆.၈) ဘီလီယံဖိုး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်တွင် ဟင်းသီးဟင်းရွက် မျိုးစေ့ တင်သွင်းသောနိုင်ငံ (၁၄၁) နိုင်ငံရှိပြီး အဓိက တင်သွင်းသောနိုင်ငံများမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နယ်သာလန်၊ အမေရိကန်၊ စပိန်၊ မက္ကဆီကို၊ အီတလီ၊ တရုတ်၊ ပြင်သစ်၊ ကနေဒါနှင့် ဂျပန်တို့ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ တင်သွင်းမှုတန်ဖိုးသည် ကမ္ဘာ့တင်သွင်းမှု၏ (၅၉.၃) ရာခိုင်နှုန်းခန့် တင်သွင်းခဲ့ပြီး တင်သွင်းမှု အများဆုံးဖြစ်သော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် စုစုပေါင်းတင်သွင်းမှု၏ (၉.၅) ရာခိုင်နှုန်းခန့် တင်သွင်းခဲ့ပါသည်။(ပုံ-၂)





ပုံ (၂) ၂၀၂၁ ခုနှစ်၏ ဟင်းသီးဟင်းရွက်မျိုးစေ့ တင်ပို့တင်သွင်းမှု အခြေအနေ

***အရင်းအမြစ်။ WITS, World Bank, ၂၀၂၁***

၁၂။ တိရစ္ဆာန်စာအပင်များ၏ မျိုးစေ့များ ကုန်သွယ်ခြင်းအတွက် သတ်မှတ်ထားသော HS code မှာ ၁၂၀၉၂၉ ဖြစ်ပြီး ကုန်စည်အမည်ဖော်ပြချက်မှာ **Seed; of forage plants, other than beet seed, n.e.s. in item no. 1209.2** ဖြစ်ပါသည်။ ၂၀၂၁ ခုနှစ်တွင်

နိုင်ငံပေါင်း (၈၇) နိုင်ငံမှ တန်ချိန်စုစုပေါင်း (၃) သိန်းကျော်၊ အမေရိကန်ဒေါ်လာ (၇၆၇.၆၇) သန်း တင်ပို့ခဲ့ပြီး အဓိကတင်ပို့သော နိုင်ငံများမှာ အမေရိကန်၊ ဒိန်းမတ်၊ နယ်သာလန်၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ဂျာမနီ၊ ဘရာဇီး၊ ပိုလန်၊ ကနေဒါ၊ အီတလီနှင့် ပြင်သစ်တို့ ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ တင်ပို့မှုတန်ဖိုးသည် ကမ္ဘာ့တင်ပို့မှု၏ (၇၉.၇၅) ရာခိုင်နှုန်းဖြစ်ပြီး တင်ပို့မှု အများဆုံးဖြစ်သော အမေရိကန်နိုင်ငံသည် ကမ္ဘာ့တင်ပို့မှု၏ (၁၅.၁၈) ရာခိုင်နှုန်းအထိ တင်ပို့ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံပေါင်း (၁၃၂) နိုင်ငံမှ တန်ချိန်စုစုပေါင်း (၈.၅၇) သိန်း၊ အမေရိကန် ဒေါ်လာ (၈၃၄.၅) သန်း တင်သွင်းခဲ့ပါသည်။ အဓိက တင်သွင်းခဲ့သောနိုင်ငံများမှာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ နယ်သာလန်၊ ပြင်သစ်၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အမေရိကန်၊ အီတလီ၊ ယူကေ၊ ဘယ်လ်ဂျီယံနှင့် ကိုလမ်ဘီယာတို့ဖြစ်ပြီး အဆိုပါ (၁၀) နိုင်ငံ၏ တင်သွင်းမှု ပမာဏသည် စုစုပေါင်း တင်သွင်းမှု၏ (၈၃.၅၇) ရာခိုင်နှုန်းခန့် တင်သွင်းခဲ့ပါသည်။ (ပုံ-၃)




ပုံ (၃) ၂၀၂၂ ခုနှစ်၏ တိရစ္ဆာန်စာမျိုးစေ့ တင်ပို့တင်သွင်းမှု အခြေအနေ

*အရင်းအမြစ်။ WITS, World Bank, ၂၀၂၃*

၁၃။ ပန်းမျိုးစေ့များ ကုန်သွယ်ခြင်းအတွက် သတ်မှတ်ထားသော HS code မှာ ၁၂၀၉၃၀ ဖြစ်ပြီး ကုန်စည်အမည်ဖော်ပြချက်မှာ **Seed; of herbaceous plants cultivated principally for their flowers, of a kind used for sowing** ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ်တွင် နိုင်ငံပေါင်း (၇၇) နိုင်ငံမှ ကမ္ဘာ့ဈေးကွက်သို့ မျိုးစေ့တန်ချိန် (၉,၂၉၇) မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာ (၅၃၂) သန်းဖိုး တင်ပို့ခဲ့ပြီး အဓိကတင်ပို့ခဲ့သောနိုင်ငံများမှာ ဥရောပသမဂ္ဂနိုင်ငံများ၊ နယ်သာလန်၊ အမေရိကန်၊ ဂျာမနီ၊ ဂျပန်၊ တရုတ်၊ ဂွာတီမာလာ၊ ပြင်သစ်၊ ကော်စတာရီကာနှင့် ချီလီတို့ ဖြစ်ကြပါသည်။ အဆိုပါ (၁၀) နိုင်ငံ၏ တင်ပို့မှုတန်ဖိုးသည် ကမ္ဘာ့တင်ပို့မှု၏ (၈၇.၅၂) ရာခိုင်နှုန်းဖြစ်ပြီး မျိုးစေ့ဈေးကွက်တွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သော နယ်သာလန်နိုင်ငံသည် ကမ္ဘာ့တင်ပို့မှု၏ (၂၀) ရာခိုင်နှုန်း ခန့်တင်ပို့ခဲ့ပါသည်။ ၂၀၂၂ ခုနှစ်၏ ပန်းမျိုးစေ့တင်သွင်းမှု အများဆုံးနိုင်ငံများမှာ နယ်သာလန်၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ တရုတ်၊ ဂျပန်၊ ကနေဒါ၊ ယူကေ၊ ရုရှားနှင့် အိန္ဒိယတို့ဖြစ်ပြီး နိုင်ငံပေါင်း (၁၂၅) နိုင်ငံမှ မျိုးစေ့တန်ချိန်စုစုပေါင်း (၃၉,၉၃၁) မက်ထရစ်တန်၊ အမေရိကန်ဒေါ်လာ (၅၁၅) သန်းဖိုး တင်သွင်းခဲ့ပါသည်။ ပန်းမျိုးစေ့တင်သွင်းမှုအများဆုံး (၁၀) နိုင်ငံ၏ တင်သွင်းမှုသည် တန်ဖိုးအားဖြင့် ကမ္ဘာ့တင်သွင်းမှု၏ (၇၇) ရာခိုင်နှုန်းထိ တင်သွင်းခဲ့ပါသည်။

၁၄။ နယ်သာလန်နိုင်ငံသည် စိုက်ပျိုးရေးထွန်းကားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မျိုးစေ့ဈေးကွက်တွင် လွှမ်းမိုးမှုအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းသည်နှင့်အညီ မျိုးစေ့ လိုအပ်ချက်မှာလည်း မြင့်မားလျက်ရှိသည့်အတွက် မျိုးစေ့ ထုတ်လုပ်မှုလုပ်ငန်းများလည်း ကောင်းစွာဖွံ့ဖြိုးလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်သို့ မျိုးစေ့များ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ကမ္ဘာ့မျိုးစေ့ဈေးကွက်တွင် လွှမ်းမိုးမှုရှိသည့် ကုမ္ပဏီအများအပြားသည်လည်း နယ်သာလန်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် အဆိုပါကုမ္ပဏီများမှ ထုတ်လုပ်သော မျိုးစေ့များသည် ကမ္ဘာ့နိုင်ငံအများအပြားသို့ အမြောက်အမြား တင်ပို့နေရသည့်အပြင် နယ်သာလန်နိုင်ငံသည်လည်း နိုင်ငံတကာကုန်သွယ်ရေး လမ်းကြောင်းများ၏ အချက်အချာဗဟိုဌာန ဖြစ်သည့်အတွက် ယင်းနိုင်ငံမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံများသို့ ဖြတ်ကျော်ကုန်သွယ်ရခြင်းကြောင့် ယခုကဲ့သို့ မျိုးစေ့ကုန်သွယ်မှုမှ အကျိုးအမြတ်အမြောက်အမြား ရရှိနေခြင်းဖြစ်ပါသည်။ (ဇယား-၁)

ဇယား (၁) နယ်သာလန်နိုင်ငံ၏ မျိုးစေ့ တင်ပို့တင်သွင်းမှုအခြေအနေ

| မျိုးစေ့ အမျိုးအစား | HS Code | တင်သွင်း | | တင်ပို့ | |
|---|---|---|---|---|---|
| | | တန်ချိန် (မတန်) | တန်ဖိုး (ဒေါ်လာသန်း) | တန်ချိန် (မတန်) | တန်ဖိုး (ဒေါ်လာသန်း) |
| ဟင်းသီးဟင်းရွက် | ၁၂၀၉၉၁ | ၁၁,၃၃၀ | ၅၀၂ | ၁၂,၈၆၅ | ၂,၂၀၆ |
| ပန်း | ၁၂၀၉၃၀ | ၁,၂၂၆ | ၉၈ | ၁,၈၆၈ | ၉၆ |
| တိရစ္ဆာန်စာ | ၁၂၀၉၂၉ | ၂၀၂,၈၄၉ | ၉၇ | ၂၄,၅၁၆ | ၈၂ |
| rye grass | ၁၂၀၉၂၅ | ၁၈,၆၂၃ | ၃၅ | ၂၁,၂၆၅ | ၄၇ |

*အရင်းအမြစ်။ WITS, World Bank, ၂၀၂၃*

## (ဂ) ကမ္ဘာ့မျိုးစေ့ဈေးကွက်အလားအလာ

၁၅။ ၂၀၁၉ ခုနှစ်တွင် စတင်ဖြစ်ပွားသော ကိုဗစ်-၁၉ ကပ်ရောဂါသည် အခြားသောကဏ္ဍများကို ဆိုးရွားစွာ ထိခိုက်ခဲ့သော်လည်း ၎င်းတို့နှင့်နှိုင်းယှဉ်ပါက မျိုးစေ့ကဏ္ဍ၏ ထိခိုက်မှုသည် များစွာနည်းပါးခဲ့ပါသည်။ ထို့ပြင်မက မျိုးစေ့ဈေးကွက်သည် နှစ်စဉ် တိုးတက်လျက်ရှိနေပြီး ထိုသို့တိုးတက်ရခြင်းမှာ ရာသီဥတုအခြေအနေကောင်းမွန်ခြင်း၊ စိုက်ပျိုးဧရိယာများ တိုးပွားလာခြင်း၊ အထူးသဖြင့် မျိုးစေ့ဈေးကွက်ကို လွှမ်းမိုးမှုရှိသည့် ပဲပုပ်ကဲ့သို့သော မျိုးစေ့များ၏ ဈေးနှုန်းများ မြင့်တက်လာခြင်း၊ တောင်သူများ၏ ဝင်ငွေ တိုးပွားလာခြင်း စသည်တို့ကြောင့် ဖြစ်ပါသည်။ ဆယ်စုနှစ်အနည်းငယ်အတွင်း မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသော မျိုးစေ့များ (Genetically Modified Seeds) ကို အသုံးပြုမှုများလာပြီး ဒေသမျိုးရင်းများ သုံးစွဲမှုမှာ တဖြည်းဖြည်း လျော့ကျလာပါသည်။ ၂၀၂၀ ခုနှစ်အတွင်း မျိုးစေ့ဈေးကွက်၏ (၄၈) ရာခိုင်နှုန်းခန့်ကို မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောမျိုးစေ့ (GM seeds) များက နေရာယူထားပြီး စိုက်ပျိုးဧရိယာများ၏ (၁၉) ရာခိုင်နှုန်းခန့်အထိပင် အဆိုပါမျိုးစေ့များ အသုံးပြု၍ စိုက်ပျိုးလာကြပါသည်။

၁၆။ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောမျိုးစေ့ (GM seeds) များအနက် အစေ့ထုတ်ပြောင်း၊ ပဲပုပ်၊ ဝါ၊ ဆီမုန်ညင်းနှင့် သကြားမုန်လာမျိုးစေ့များသည် ထုတ်လုပ်ရောင်းချမှု အများဆုံးဖြစ်ပြီး မျိုးစေ့ထုတ်လုပ်မှုအနည်းအများသည် အဆိုပါသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်သုံးစွဲမှု မြင့်တက်ခြင်း၊ ကျဆင်းခြင်းတို့နှင့် တိုက်ရိုက်သက်ဆိုင်နေပါသည်။ GM မျိုးစေ့များကို ဗီဇလက္ခဏာ ပါဝင်မှုများအရ **"ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသောမျိုး၊ ပိုးသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသောမျိုးနှင့် ကောင်းမွန်သည့် မျိုးရိုးဗီဇလက္ခဏာများ ပေါင်းစပ်ပါဝင်သောမျိုး"** ဟူ၍ (၃) မျိုးခွဲခြားနိုင်ပါသည်။ ၎င်းတို့အနက် ပေါင်းသတ်ဆေးဒဏ်ခံနိုင်ရည်ရှိသော ဗီဇလက္ခဏာ ပါဝင်သည့်မျိုးများသည် သုံးစွဲမှုအများဆုံးဖြစ်ပြီး အစေ့ထုတ်ပြောင်း၊ ဝါနှင့်ပဲပုပ်မျိုးများတွင် အအောင်မြင်ဆုံး ဖြစ်ပါသည်။ အမေရိကန်နိုင်ငံ၌ အဆိုပါသီးနှံစိုက်ခင်းများ၏ (၉၀) ရာခိုင်နှုန်းအထိကို GM မျိုးစေ့များ အသုံးပြု၍ စိုက်ပျိုးလျက်ရှိပြီး ယင်းကဲ့သို့ပင် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့၌လည်း GM မျိုးစေ့များ အသုံးပြုမှု မြင့်မားလျက်ရှိပါသည်။ ထို့ကြောင့် အနာဂတ်တွင် မျိုးစေ့ဈေးကွက်ကို လွှမ်းမိုးမှုရှိသော ကုမ္ပဏီကြီးများအနေဖြင့် GM မျိုးစေ့များ ထုတ်လုပ်မှုကို ပိုမိုတိုးမြှင့်လာနိုင်ဖွယ်ရှိပါသည်။

၁၇။ ၂၀၂၂ ခုနှစ်၏ မျိုးစေ့ဈေးကွက်သည် ယခင်နှစ်ထက် (၇.၁) ရာခိုင်နှုန်း ပိုမိုကြီးထွားခဲ့ပြီး အမေရိကန်ဒေါ်လာ (၄၇.၂၄၂) ဘီလီယံ တန်ဖိုးရှိခဲ့ပါသည်။ ၎င်းအနက် GM မျိုးစေ့များ ကုန်သွယ်မှုသည် ယခင်နှစ်ထက် (၁၁.၆) ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ (၂၁.၈) ဘီလီယံဝန်းကျင် တန်ဖိုးရှိခဲ့ပါသည်။ ထိုသို့ GM မျိုးစေ့များ ထုတ်လုပ်သုံးစွဲမှု ပိုမိုမြင့်မားလာခြင်းမှာ ရာသီဥတုပြောင်းလဲခြင်းနှင့် ပိုးမွှားရောဂါဖြစ်ပွားမှုများ မြင့်မားလာခြင်း၊ လူဦးရေတိုးပွားလာခြင်း၊ biofuel ထုတ်လုပ်မှု များပြားလာခြင်း၊ ဩဂဲနစ်စိုက်ပျိုးရေးစနစ်နှင့် ကာဗွန်လျှော့ချရေးတို့အတွက် မူဝါဒများချမှတ်လာခြင်း၊ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲခြင်း နည်းစနစ်များ ပိုမိုခေတ်မီတိုးတက်လာခြင်း စသည်တို့ကြောင့်ဖြစ်ပါသည်။

## (ဃ) အိန္ဒိယနိုင်ငံ၏ မျိုးစေ့ဆိုင်ရာမူဝါဒနှင့် ဆောင်ရွက်ချက်များ

၁၈။ အာရှ-ပစိဖိတ်ဒေသများအနက် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ဈေးကွက်ရှယ်ယာပါဝင်မှု အမြင့်မားဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် မျိုးစေ့ထုတ်လုပ်ခြင်းစနစ်နှင့် မူဝါဒပိုင်းဆိုင်ရာတွင် ခိုင်မာမှုရှိပါသည်။ အိန္ဒိယနိုင်ငံသည် အမျိုးသားမျိုးစေ့မူဝါဒကို ၂၀၀၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး အဓိကဦးစားပေးလုပ်ဆောင်ခဲ့သည့် လုပ်ငန်းများမှာ မျိုးပွဲ့ဖြိုးမှုလုပ်ငန်းများ၊ အပင်မျိုးကာကွယ်ခြင်း၊ မျိုးစေ့ထုတ်လုပ်ခြင်း၊ အရည်အသွေးယုံကြည်စိတ်ချရစေရန် ဆောင်ရွက်ခြင်း၊ မျိုးစေ့ဖြန့်ဝေခြင်းနှင့် ဈေးကွက်ရှာဖွေခြင်း၊ အခြေခံအဆောက်အအုံများ၊ မျိုးရိုးဗီဇပြုပြင်ပြောင်းလဲထားသောအပင်မျိုးများ၊ မျိုးစေ့များတင်သွင်းခြင်းနှင့် အပင်စိုက်ပျိုးသည့်ကိရိယာများ၊ မျိုးစေ့တင်ပို့ခြင်း၊ ပြည်တွင်းပုဂ္ဂလိက မျိုးစေ့လုပ်ငန်းများကို မြှင့်တင်ပေးခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းစနစ် အားကောင်းအောင်ပြုလုပ်ခြင်းတို့ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံ၏ ချမှတ်ခဲ့သော မျိုးစေ့မူဝါဒများမှာ-

(က) Enactment of the Seeds Act (၁၉၆၆)

(ခ) Seed Review Team-SRT (၁၉၆၈)

(ဂ) National Commission on Agriculture's Seed Group (၁၉၇၂)

(ဃ) Launching of the World Bank aided National Seeds Programme (၁၉၇၅-၈၅)

(င) Seed Control Order (၁၉၈၃)

(စ) Creation of the Technology Mission on Oilseeds & Pulses (TMOP) (၁၉၈၆)

(ဆ) Production and Distribution Subsidy

(ဇ) Distribution of Seed Mini-kits

(ဈ) Seed Transport Subsidy Scheme (၁၉၈၇)

(ည) New Policy on Seed Development (၁၉၈၈)

(ဋ) Seed Bank Scheme (၂၀၀၀)

(ဌ) National Seeds Policy (၂၀၀၂)

(ဍ) The Seeds Bill (၂၀၀၄)


(ဎ) Formulation of National Seed Plan (၂၀၀၅)

(ဏ) National Food Security Mission (၂၀၀၇)

(တ) Rashtriya Krishi Vikas Yojna (၂၀၀၇) တို့ဖြစ်ကြပါသည်။

၁၉။ ထို့ပြင် အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ ပြည်တွင်းမျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးစေ့မူဝါဒတစ်ခုဖြစ်သော The Seeds Bill ကို ၂၀၀၄ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါမူဝါဒ၏ အဓိကဆောင်ရွက်ချက်များမှာ မျိုးစေ့များ၏ အမျိုးအစားကို မှတ်ပုံတင်ခြင်း၊ မျိုးစေ့ရောင်းချခြင်းဆိုင်ရာစည်းမျဉ်းများ ချမှတ်ခြင်းနှင့် မျိုးစေ့မှတ်ပုံတင်ခြင်း၊ မျိုးစေ့များကို ခွဲခြမ်းလေ့လာစစ်ဆေးခြင်းနှင့် စမ်းသပ်ခြင်း၊ မျိုးစေ့များနှင့် စိုက်ပျိုးရေးကိရိယာများကို တင်သွင်းခြင်းနှင့် တင်ပို့ခြင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည်တို့ပါဝင်ပါသည်။

၂၀။ အိန္ဒိယမျိုးစေ့အစီအစဉ် (The Indian Seed Programme) တွင် မျိုးစေ့များပွားများရန်အတွက် မိဘမျိုးစေ့ (Breeder Seed)၊ ဆင့်ပွားပျိုးစေ့ (Foundation Seed)၊ စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ထုတ်လုပ်ခြင်းများ ပါဝင်ပြီး အဆိုပါ မျိုးစေ့များ ထုတ်လုပ်ခြင်းကို အစိုးရဌာနများမှ ဦးစီးဆောင်ရွက်ကြပါသည်။ အိန္ဒိယနိုင်ငံ၏ ပုဂ္ဂလိကအဖွဲ့အစည်းများသည် မျိုးစေ့ကဏ္ဍတွင် များစွာပါဝင်အားဖြည့် ဆောင်ရွက်လျက်ရှိနေပြီး ယခုအခါ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မျိုးစေ့ကုန်သွယ်ခြင်းတို့အတွက် မှတ်ပုံတင်ထားရှိသော ကုမ္ပဏီပေါင်း ထောင်ပေါင်းများစွာ ရှိနေပြီဖြစ်ပါသည်။




၂၁။ နိုင်ငံအတွင်း မျိုးစေ့ထုတ်လုပ်ငန်းမြှင့်တင်ရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးမီ မျိုးစေ့များနှင့် အခြားသော စိုက်ပျိုးရေးသွင်းအားစုများ/ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြင့် တောင်သူလယ်သမားများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အိန္ဒိယနိုင်ငံ၏ စိုက်ပျိုးရေးနှင့် တောင်သူလယ်သမားများ ဖူလုံရေးဝန်ကြီးဌာန (Ministry of Agriculture & Farmers Welfare) ၏ စီမံခန့်ခွဲမှုအောက်တွင် ပထမတန်းအဆင့်ရှိသော အမျိုးသားမျိုးစေ့ကော်ပိုရေးရှင်း (National Seeds Corporation-NSC) ကို ၁၉၆၃ ခုနှစ်၊ မတ်လ (၁၉) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။

၂၂။ အိန္ဒိယနိုင်ငံတွင် ယခုအချိန်ထိ တရားဝင်မှတ်ပုံတင်ထားသော စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (CS) အဆင့်ရှိသော နံ့စားသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ အမျှင်ထွက်သီးနှံ၊ တိရစ္ဆာန်စာနှင့် သစ်စိမ်းမြေဩဇာနှင့် ဟင်းသီးဟင်းရွက်စသည့် သီးနှံပေါင်း (၈၀) မှ မျိုး (၆၂၀) မျိုးအား စိုက်ပျိုးသူများမှတစ်ဆင့် ထုတ်လုပ်ပြီးဖြစ်ပါသည်။ ကွဲပြားခြားနားသော မျိုးစေ့ထုတ်စနစ်များဖြင့် တစ်နိုင်ငံလုံးတွင် စိုက်ကွင်း (၈) ကွင်းနှင့် မျိုးစေ့ထုတ်လုပ်သူပေါင်း (၁၂,၅၀၀) ဦး ရှိပါသည်။ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ဝင်ငွေ ရူပီး (၁၀,၈၅၄.၄ သန်းနှင့်ညီမျှသည့် အမေရိကန်ဒေါ်လာ ၁၄၁.၁၂) သန်း ရရှိခဲ့ပါသည်။ **(၃၁-၃-၂၀၁၉ အထိ လယ်ယာသီးနှံ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအလိုက် မျိုးစေ့/ပျိုးပင်များ ထုတ်လုပ်ပေးနိုင်မှုအခြေအနေကို နောက်ဆက်တွဲ (ဂ) ဖြင့် ဖော်ပြထားပါသည်။)**

၂၃။ NSC သည် အောက်ဖော်ပြပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်-

(က) ဆင့်ပွားမျိုးစေ့ (foundation seed) ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ခြင်း၊

(ခ) အရည်အသွေးကောင်းမျိုးစေ့များ သိုလှောင်ထိန်းသိမ်းခြင်း၊

(ဂ) မျိုးစေ့အဆင့် (Seed class) အားလုံး၏ ပြည်တွင်းဈေးကွက်ရှာဖွေခြင်း၊

(ဃ) မျိုးစေ့ တင်သွင်း/ တင်ပို့ခြင်း၊

(င) လိုအပ်သော နေရာများတွင် စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း၊

(စ) Indian Council of Agricultural Research (ICAR) အဖွဲ့အစည်းနှင့်ပူးပေါင်း၍ မိဘမျိုးစေ့များ (breeder seed) များ ထုတ်လုပ်ရေး စီမံဆောင်ရွက်ခြင်း၊

(ဆ) မျိုးစေ့လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများကို နည်းပညာအထောက်အပံ့ပေးခြင်း၊

(ဇ) ပြည်နယ်များရှိ မျိုးစေ့လုပ်ငန်းရှင် အသင်းအဖွဲ့များနှင့် မျိုးသန့်မျိုးပွားမျိုးစေ့လုပ်ငန်း ထုတ်လုပ်ခြင်းအတွက် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) မျိုးစေ့လိုအပ်ချက်ကို နှစ်နှစ်တစ်ကြိမ် စစ်တမ်းကောက်ယူခြင်း၊

(ည) ဈေးကွက်သုတေသနနှင့် အရောင်းမြှင့်တင်ရေးကြိုးပမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) မျိုးစေ့လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်နေသော ဝန်ထမ်းများအတွက် သင်တန်းအထောက်အကူပစ္စည်းများ ထောက်ပံ့ပေးခြင်း၊

(ဌ) တည်ထောင်ပြီး အမှီအခိုကင်းသော မျိုးစေ့အသိအမှတ်ပြု အေဂျင်စီများကို အသိအမှတ်ပြုခြင်း ဝန်ဆောင်မှုများ ထောက်ပံ့ခြင်း။

၂၄။ NSC သည် လွန်ခဲ့သော နှစ်ပေါင်း (၅၄) နှစ်ကျော်အတွင်း အိန္ဒိယနိုင်ငံ၏ မျိုးစေ့လုပ်ငန်းကဏ္ဍကို ထိရောက်စွာ ရှေ့ဆောင်ဆောင်ရွက်ခဲ့ပါသည်။ NSC မှ ကျွမ်းကျင်သည့် အောက်ပါနယ်ပယ်များကို ဆောင်ရွက်ရန် စိတ်ဝင်စားပါက အခကြေးငွေဖြင့်လည်း ပေါင်းစပ်ဆောင်ရွက်ပေးပါသည်-

(က) ဆင့်ပွားမျိုးစေ့ထုတ်လုပ်ခြင်း (Foundation Seed Production)၊

(ခ) စီးပွားဖြစ် မျိုးသန့်မျိုးစေ့ထုတ်လုပ်ခြင်း (Certified Seed Production)၊

(ဂ) မျိုးစေ့ထောက်ခံချက်ပေးခြင်း (Seed Certification)၊

(ဃ) မျိုးစေ့သန့်စင်ခြင်း၊ ချိန်တွယ်ခြင်းနှင့် ထုပ်ပိုးခြင်း (Seed Processing, Handing and Packaging)၊

(င) မျိုးစေ့ဈေးကွက်ရှာဖွေခြင်း (Seed Marketing)၊

(စ) သတင်းအချက်အလက်များ စီမံခန့်ခွဲခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း (Information Management and Communication)၊

(ဆ) ဈေးကွက်အတွင်း ရောင်းအားမြှင့်တင်ခြင်းနှင့် ကြော်ငြာခြင်း၊ လူထုအားလုံးသိရှိရန် သတင်းများဖြန့်ဝေခြင်း (Sales Promotion and Advertising, Public Relations & Publicity)၊

(ဇ) စီမံကိန်းလုပ်ငန်းများ ဖော်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်း (Project Formulation and Project Management)၊

(ဈ) သင်တန်းပေးခြင်း (Training)။

၂၅။ NSC သည် အိန္ဒိယနိုင်ငံအတွင်း တစ်နိုင်ငံလုံးတွင် **ဒေသရုံး (၁၁) ခု၊ (၂၂,၀၀၀) ဟက်တာအကျယ် စိုက်ကွင်း (၅) ခု၊ ရုံးအဆောက်အဦ (၄၈) ခု၊ မျိုးစေ့ထုတ်စင်တာ (၃၀) ခု၊ အရောင်းဌာန (၁၀၇) ခု၊ ဆက်သွယ်ရေးရုံး (၂) ရုံးနှင့် အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲခန်း (၄) ခု**ဖြင့် လုပ်ကိုင်ဆောင်ရွက်နေပါသည်။ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းတွင် ဟင်းသီးဟင်းရွက် အပါအဝင် ဆီထွက်သီးနှံများ၊ ပဲမျိုးစုံများ မျိုးစပ်ထုတ်လုပ်ရန် အလေးထားဆောင်ရွက်ပါသည်။

၂၆။ အိန္ဒိယနိုင်ငံတွင် မျိုးစေ့ရောင်းချခြင်းလုပ်ငန်းကို ကုန်သည်များမှတစ်ဆင့် ရောင်းချခြင်း၊ ကိုယ်ပိုင်အရောင်းဆိုင်များမှ မျိုးစေ့ရောင်းချခြင်းနှင့် ပြည်နယ်အစိုးရနှင့် အစိုးရအဖွဲ့သို့ မျိုးစေ့ရောင်းချခြင်းစသည့် လမ်းကြောင်း (၃) ခုဖြင့် ဆောင်ရွက်ပါသည်။ NSC တွင် အရောင်းကိုယ်စားလှယ်ပေါင်း (၂,၈၀၀) ခန့်ရှိပြီး အရောင်းပမာဏ၏ (၇၀) ရာခိုင်နှုန်းကျော် ရှိပါသည်။ ၁၉၇၄

ခုနှစ် အမျိုးသားမျိုးစေ့စီမံကိန်းကို စတင်ဖွင့်လှစ်မိတ်ဆက်ပေးချိန်မှစ၍ NSC သည် နိုင်ငံတွင်း မျိုးစေ့လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်စေရန် အဓိကဦးဆောင်သည့်ကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ အထူးသဖြင့် NSC သည် NSP (National Seed Project) လက်အောက်တွင် ပြည်နယ်မျိုးစေ့ကော်ပိုရေးရှင်းများကို တည်ထောင်ရာ၌ ပါဝင်ခဲ့ပါသည်။

၂၇။ မျိုးစေ့အရည်အသွေးကို ထိန်းသိမ်းမှုလုပ်ငန်းများ တင်းတင်းကျပ်ကျပ် လုပ်ဆောင်နိုင်ရန် Internal quality check များကို စနစ်တကျ တာဝန်ကျ ဆောင်ရွက်လျက်ရှိပါသည်။ NSC အဖွဲ့အစည်းသည် မျိုးစေ့အရည်အသွေးထိန်းသိမ်းရန်အတွက် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည့် အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲခန်းများကို New Delhi, Secunderabad, Bhopal နှင့် Suratgarh (STL) စသည့် မြို့ (၄) မြို့တွင် တည်ထောင်ထားခြင်းဖြစ်ပါသည်။ NSC အောက်ရှိ မျိုးစေ့အရည်အသွေး စစ်ဆေးရေးဓာတ်ခွဲခန်းများသည် အပြည်ပြည်ဆိုင်ရာမျိုးစေ့စစ်ဆေးရေးအသင်းအဖွဲ့ (International Seed Testing Association-ISTA) အသိအမှတ်ပြုမှုအောက်တွင် ပါဝင်ပါသည်။ အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများအပြင် ငှက်ပျောကဲ့သို့ တစ်သျှူးအပင်များ ထုတ်လုပ်ခြင်းနှင့် MOU မိတ်ဖက်များထံမှ ဝယ်ယူမှုဖြင့် ပျိုးပင်/သစ်သီး ဝလံများကို ပံ့ပိုးပေးပါသည်။

၂၈။ အိန္ဒိယ၏ **"ဆီထွက်သီးနှံနှင့်ဆီအုန်းဆိုင်ရာ အမျိုးသားမစ်ရှင် (National Mission on Oilseeds and Oil Palm-NMOOP)"** နှင့် **"အမျိုးသားစားနပ်ရိက္ခာဖူလုံရေးမစ်ရှင် (National Food Security Mission-NFSM)"** တို့ကဲ့သို့ အစိုးရ၏ အမျိုးမျိုးသောစီမံချက်များကို အကောင်အထည်ဖော်ရာတွင် NSC သည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ နိုင်ငံတော် မျိုးစေ့ကော်ပိုရေးရှင်းများအပါအဝင် မျိုးစေ့ထုတ်လုပ်သည့် အေဂျင်စီများကို မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာပိုင်းဆိုင်ရာသင်တန်းများ ကူညီပံ့ပိုးပေးပါသည်။ NSC သည် ရေကြီးခြင်း၊ မိုးခေါင်ခြင်း စသည်တို့ကဲ့သို့ သဘာဝဘေးအန္တရာယ်များအတွင်း ဖြစ်ပေါ်လာသည့် သီးနှံ/မျိုးကွဲ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ပြုပြင်ထုတ်လုပ်သည့်စက်ရုံများနှင့် သိုလှောင်ရုံများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသည့် အေဂျင်စီတစ်ခုဖြစ်ပါသည်။

၂၉။ NSC မှ ထုတ်လုပ်ခဲ့သည့် အရည်အသွေးပြည့်ဝသော နောက်ဆုံးပေါ်စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed, CS) များသည်-

(က) ပညာရှင်များ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ပေးထားခြင်း၊

(ခ) မျိုးစေ့ထုတ်ရန် သင့်တော်သော ရေမြေရာသီဥတုများရှိ သီးသန့်မျိုးစေ့ထုတ် စိုက်ခင်းများတွင် ထုတ်လုပ်ထားခြင်း၊

(ဂ) သီးနှံထွက်ရှိချိန်နှင့် သိုလှောင်ချိန်တွင် သင့်တော်သော ဓာတုပစ္စည်းများသုံး၍ ပိုးမွှား၊ ရောဂါကျရောက်မှုမှ ကာကွယ်ထားခြင်း၊

(ဃ) ပိုးမွှားရောဂါကင်းပြီး မျိုးစေ့စွမ်းအားကောင်းသော မျိုးစေ့များအား ထုတ်လုပ်ထားသောကြောင့် စိုက်ကွင်းတွင် အပင်ပေါက်နှုန်းကောင်းရန် အာမခံပေးထားခြင်း၊

(င) ပေါင်းစေ့များ၊ အခြားသီးနှံစေ့များ၊ အဖျင်းအမှော် ဖုန်သဲ၊ ခဲများ ကင်းစေရန်အတွက် စနစ်တကျ သန့်စင်ထားခြင်း၊

(စ) ကွဲပြားခြားနားသော ရာသီဥတုအခြေအနေအမျိုးမျိုးတွင် စိုက်ပျိုးရန် သင့်လျော်အောင် ထုတ်လုပ်ထားခြင်း၊

(ဆ) အလုံပိတ်အိတ် (သို့) ပါကင်ထုတ်များတွင် မျိုးစေ့နှင့်သက်ဆိုင်သော အချက်အလက်များအားလုံး ရေးသားထားသောကဒ်များ ချိတ်ဆွဲထားခြင်း၊

(ဇ) NSC မှ ထုတ်လုပ်သော မျိုးစေ့များအား အိန္ဒိယနိုင်ငံ၏ ကျေးရွာတိုင်းရှိ လက်လီအရောင်းဆိုင်များတွင် ရရှိနိုင်ခြင်း စသည်တို့ကြောင့် ၎င်းမျိုးစေ့များကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။

## (င) မြန်မာနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်မှုအခြေအနေ

၃၀။ မြန်မာနိုင်ငံသည် **"စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"** ဟူသော စီးပွားရေးဦးတည်ချက်နှင့်အညီ ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည့်အလျောက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ရရှိရေးသည် အဓိကကျသော အချက်တစ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် အရည်အသွေး စံချိန်စံညွှန်းနှင့်ပြည့်မီသောမျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်သူတောင်သူများ အသုံးပြုနိုင်ရေးသည် အရေးတကြီး ကိုင်တွယ်ဖြေရှင်းရ

မည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း သုတေသနတွေ့ရှိချက်များအရ လေ့လာတွေ့ရှိရပါသည်။ ထိုသို့ အရည်အသွေးကောင်း မျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် အသုံးပြုနိုင်ရေးတို့အတွက် တောင်သူများ၏ လယ်ယာကဏ္ဍအပေါ် စိတ်ဝင်စားမှု၊ အသိပညာဗဟုသုတကြွယ်ဝမှု၊ အရည်အသွေးမြှင့်တင်လိုစိတ်ရှိမှု၊ ခေတ်မီစိုက်ပျိုးနည်းစနစ်များအပေါ် စူးစမ်းလေ့လာလိုစိတ်ရှိမှု၊ စွန့်ဦးတီထွင်လိုစိတ်ရှိမှုစသည့်အချက်များကို ပိုမိုအားကောင်းလာစေရေး အားပေးကူညီရမည် ဖြစ်ပါသည်။

၃၁။ မြန်မာနိုင်ငံသည် မျိုးစေ့တင်သွင်းမှုလျှော့ချနိုင်ရေး၊ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ရေရှည်တွင်သီးနှံမျိုးစေ့ထုတ်လုပ် တင်ပို့နိုင်သည့်နိုင်ငံအဖြစ် ရပ်တည်နိုင်ရေး၊ မျိုးစေ့ထုတ်လုပ်ငန်းများ၌ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဝင်ရောက်လာနိုင်ရေးတို့အတွက် **မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (National Seed Committee)** ကို ဖွဲ့စည်းခဲ့ပြီး ၂၀၀၀ ခုနှစ်မှစတင်ကာ မျိုးသစ်အသိအမှတ်ပြုလက်မှတ်များ စတင်ထုတ်ပေးခဲ့ပါသည်။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၏ မျိုးစေ့သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခြင်း၊ နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်ရန် လိုအပ်သော မျိုးစေ့များကို ပေးပို့ခြင်းနှင့် လက်ခံခြင်း၊ မျိုးစေ့လုပ်ငန်းနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**စသည်တို့ကို ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းမျိုးစေ့ကဏ္ဍကို ကူညီပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသည် **မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ (Technical Seed Committee)** ကို ထပ်မံဖွဲ့စည်းခဲ့ပြီး **နည်းပညာဆိုင်ရာ ဆန်းစစ်လေ့လာခြင်း၊ စိစစ်တွေ့ရှိချက်များအား မှတ်ချက်ပြုတင်ပြခြင်း** စသည်တို့ကို ဆောင်ရွက်ကာ မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအား တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ပေးလျက်ရှိပါသည်။




၃၂။ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၏ ၂၆-၁-၂၀၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော (၂၄) ကြိမ်မြောက်အစည်းအဝေးအထိ သီးနှံ (၄၈၂) မျိုး၊ မျိုးပြား (၁,၆၄၁) မျိုးတို့အတွက် မျိုးသစ်အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၎င်းအနက် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သီးနှံ (၂၄) မျိုးနှင့် မျိုးပြား (၂၄၅) မျိုးကိုလည်းကောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံ (၂၁) မျိုးနှင့် မျိုးပြား (၁၂၀) မျိုးကိုလည်းကောင်း၊ မော်လမြိုင်တက္ကသိုလ်မှ သီးနှံ (၁) မျိုးနှင့် မျိုးပြား (၂) မျိုးကိုလည်းကောင်း၊ ကုမ္ပဏီ (၁၁၆) ခုအတွက် သီးနှံ (၇၄) မျိုးနှင့် မျိုးပြား (၂,၀၀၈) မျိုးတို့ကိုလည်းကောင်း အသီးသီး ထုတ်ပေးနိုင်ခဲ့ပါသည်။

၃၃။ မြန်မာနိုင်ငံသည် ဒေသအလိုက် မတူကွဲပြားခြားနားသည့် ရေမြေရာသီဥတုများ ရှိခြင်းကြောင့် ဒေသနှင့်ကိုက်ညီသောမျိုးများထုတ်လုပ်နိုင်ရေးအတွက် ၁၉၀၄ ခုနှစ်မှစတင်ကာ နိုင်ငံအနှံ့အပြား၌ နိုင်ငံတော်ပိုင် မျိုးစေ့ခြံများ တည်ထောင်ခဲ့ပါသည်။ သို့သော်လည်း လုပ်ထုံးလုပ်နည်းများနှင့် ပမာဏကန့်သတ်ချက်များကြောင့် နိုင်ငံတွင်း မျိုးစေ့လိုအပ်ချက်ကို ပြည့်မီအောင် ဖြည့်တင်းပေးနိုင်မှု နည်းပါးလျက်ရှိပါသည်။ မျိုးစေ့ထုတ်လုပ်ခြင်းကို အစိုးရဌာနများအပြင် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် တောင်သူများမှလည်း ဆောင်ရွက်လျက်ရှိသော်လည်း အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့် NSC၊ TSC အဖွဲ့များမှ အရည်အသွေးပိုင်းဆိုင်ရာ လိုအပ်ချက်ကို ပြည့်မီရန်အတွက် **"မျိုးစေ့များ ပြည်တွင်း၌ ကောင်းမွန်စွာ ဖြစ်ထွန်းနိုင်မှု၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိခိုက်နိုင်မှု၊ လက်ရှိမျိုးများထက် သာလွန်မှု၊ ထူးခြားသည့် အရည်အသွေးလက္ခဏာများရှိမှု"** စသည့်အချက်များအပေါ် အခြေခံစစ်ဆေး၍ ၎င်းအချက်များနှင့် ကိုက်ညီမှုရှိမှသာ အသိအမှတ်ပြုလက်မှတ်များနှင့် မျိုးစေ့လုပ်ငန်းလိုင်စင်များ ထုတ်ပေးပြီး ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးရောင်းချခွင့်ပြုပါသည်။ ထို့အပြင် ပြည်တွင်းမျိုးစေ့ထုတ်လုပ်သူများ၏ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ စိုက်ပျိုးထုတ်လုပ်ထားသည့် မျိုးစေ့များကိုလည်း အရည်အသွေး စစ်ဆေးပေးပြီး မျိုးစေ့အဆင့်အလိုက် ကိုက်ညီမှုရှိသည့် မျိုးစေ့များကိုသာ အညွှန်းကဒ်ပြားများထုတ်ပေး၍ ဈေးကွက်အတွင်းသို့ ဖြန့်ဖြူးစေပါသည်။

၃၄။ မျိုးစေ့များ ထုတ်လုပ်ရာတွင် မိဘမျိုးစေ့ (Breeder Seed)၊ ဆင့်ပွားမျိုးစေ့ (Foundation Seed)၊ မျိုးသန့်မျိုးပွားမျိုးစေ့

(Registered Seed) နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ဟူ၍ အဆင့် (၄) ဆင့် ခွဲခြားကာ မျိုးစေ့အဆင့်အလိုက် ထုတ်လုပ်လျက်ရှိပြီး တောင်သူထံသို့ ဖြန့်ဖြူးနိုင်မည့် မျိုးသန့်မျိုးစေ့များရရှိသည်အထိ (၅) ရာသီခန့် ကြာမြင့်အောင် ဆောင်ရွက်ရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနသည် ပထမမျိုးစေ့အဆင့်ဖြစ်သော မိဘမျိုးစေ့ ထုတ်လုပ်ခြင်းကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး ဆင့်ပွားမျိုးစေ့နှင့် မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့်ခြံ (၄၄) ခြံတို့မှ ပွားများကာ ထုတ်လုပ်ပေးလျက်ရှိပါသည်။ သို့သော်လည်း အဆိုပါမျိုးစေ့ခြံ (၄၄) ခြံအနက် မျိုးစေ့ခြံ (၄၀) ခန့်သာ မျိုးစေ့ထုတ်လုပ်နိုင်ကြောင်း သိရှိရပါသည်။ နောက်ဆုံးမျိုးစေ့အဆင့်ဖြစ်သော စီးပွားဖြစ် မျိုးသန့်မျိုးစေ့များကို ပုဂ္ဂလိကအဖွဲ့အစည်းများမှလည်းကောင်း၊ ပုဂ္ဂလိကနှင့်တောင်သူအကျိုးတူလယ်ယာစနစ်ဖြင့်လည်းကောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းအတွေ့အကြုံရှိသည့် အကျိုးဆောင်တောင်သူများမှလည်းကောင်း ထုတ်လုပ်ပေးလျက်ရှိပါသည်။

၃၅။ မြန်မာနိုင်ငံ၏ အဓိကသီးနှံတစ်ခုဖြစ်သော စပါးကို နိုင်ငံတော်ပိုင်ခြံများမှ အဓိက ထုတ်လုပ်ဖြန့်ဖြူးလျက် ရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် မက်ထရစ်တန်ချိန် (၈၁,၈၅၈) တန် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် တောင်သူများမှလည်း စပါးမျိုးစေ့ (၃,၉၄၉) တန်ထုတ်လုပ်ခဲ့ပြီး နိုင်ငံခြားမှ စပါးမျိုးစေ့ တင်သွင်းမှုမှာ (၂) တန်ကျော်သာ ရှိခဲ့ပါသည်။ သို့သော်လည်း ပြည်တွင်း၏ စပါးမျိုးစေ့လိုအပ်ချက်သည် (၅၂၉,၉၀၈) တန် ဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ရရှိနိုင်သည့် မျိုးစေ့ပမာဏမှာ စပါးမျိုးစေ့လိုအပ်ချက်၏ (၁၆.၁၉၃) ရာခိုင်နှုန်းသာရှိခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ တောင်သူအများစုသည် စနစ်တကျထုတ်လုပ်ထားသော မျိုးစေ့များကို အသုံးပြုခြင်းထက် မိရိုးဖလာနည်းအတိုင်း မျိုးစေ့များကို ချန်လှပ်အသုံးပြုကြခြင်းကြောင့် ဖြစ်ပါသည်။ မျိုးစေ့များကို နှစ်ရှည်လများ ချန်လှပ်အသုံးပြုလာသည့်ကာလ ကြာလာသည်နှင့်အမျှ မျိုးအရည်အသွေး ကျသွားတတ်သည့်အတွက် အထွက်နှုန်းများ ကျဆင်းလာနိုင်ပါသည်။

ဇယား (၂) ၂၀၂၁-၂၀၂၂ ခုနှစ်အတွက် အရေးကြီးသီးနှံများ၏ မျိုးစေ့ဖူလုံနိုင်မှုအခြေအနေ

| သီးနှံအမည် | မျိုးစေ့ရရှိနိုင်မှု (တန်)* | မျိုးစေ့လိုအပ်ချက် (တန်) | မျိုးစေ့ဖူလုံနိုင်မှု (%) |
|---|---|---|---|
| စပါး | ၈၅,၈၁၀ | ၅၂၉,၉၀၈ | ၁၆.၁၉၃ |
| အစေ့ထုတ်ပြောင်း | ၁၂,၅၀၈ | ၁၂,၇၁၂ | ၉၈.၃၉၅ |
| မြေပဲ | ၁၁ | ၂၅၁,၆၇၇ | ၀.၀၀၄ |
| နှမ်း | ၃၅ | ၁၀,၀၇၇ | ၀.၃၄၇ |
| နေကြာ | ၇၆ | ၂,၁၁၅ | ၃.၅၉၃ |
| မတ်ပဲ | ၉၈ | ၂၈,၁၁၆ | ၀.၃၄၆ |
| ပဲတီစိမ်း | ၁၀၀ | ၃၄,၈၁၂ | ၀.၂၈၇ |
| ပဲစဉ်းငုံ | ၈၀ | ၁၃,၀၁၆ | ၀.၆၁၄ |
| ဝါ | ၁၂၈ | ၁,၉၀၇ | ၆.၇၁၂ |
| စုစုပေါင်း | ၉၈,၈၄၇ | ၈၈၄,၅၅၉ | ၁၁.၁၇၅ |

*အရင်းအမြစ်။ စိုက်ပျိုးရေးဦးစီးဌာန (MOALI)*

*(မျိုးစေ့ရရှိနိုင်မှု = ပြည်တွင်းထုတ်လုပ်မှု + ပြည်ပမှတင်သွင်းမှု)

၃၆။ မြန်မာနိုင်ငံတွင် အစေ့ထုတ်ပြောင်းစိုက်ပျိုးထုတ်လုပ်ရန်အတွက် တောင်သူအများစုသည် နိုင်ငံခြားမှတင်သွင်းသောမျိုးစေ့များကိုသာ အဓိကအသုံးပြုလေ့ရှိကြပါသည်။ နိုင်ငံတော်ပိုင် စိုက်ခင်းများမှလည်း ပြည်တွင်းပြောင်းမျိုးစေ့လိုအပ်ချက်၏ (၀.၅၂) ရာခိုင်နှုန်းကိုသာ ထုတ်လုပ်နိုင်သည့်အတွက် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် နိုင်ငံခြားမှတစ်ဆင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်သည့် ပြောင်းမျိုးစေ့တန်ချိန် (၁၂,၄၄၂) တန် တင်သွင်းခဲ့ရပါသည်။ အဆိုပါမျိုးစေ့များသည် အထွက်နှုန်း သိသိသာသာ ကောင်းမွန်သော်လည်း hybrid များဖြစ်သည့်အတွက် ဒေသမျိုးများကဲ့သို့ မျိုးချန်ပြီး သုံးစွဲ၍မရနိုင်ခြင်းကြောင့် စိုက်ပျိုးသူတောင်သူများသည် မျိုးစေ့များကို စိုက်ပျိုးရာသီအလိုက် ဝယ်ယူသုံးစွဲနေကြရပါသည်။ ထို့ကြောင့် နိုင်ငံခြားမှ တင်သွင်းသော ပြောင်းမျိုးစေ့များနှင့် အရည်အသွေး ယှဉ်ပြိုင်နိုင်ပြီး ဈေးနှုန်းချိုသာသည့် ပြောင်းမျိုးစေ့များကို ပြည်တွင်း၌ ထုတ်လုပ်ရန် ဒေသနှင့်ကိုက်ညီမှုရှိ/မရှိ Yield Trial Test များ စမ်းသပ်ပြီး သုတေသနပြု၍ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် လိုအပ်ပါသည်။

၃၇။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း အရေးကြီးသီးနှံ (၉) မျိုး၏ မျိုးစေ့လိုအပ်ချက်သည် (၈၈၄,၅၅၉) မက်ထရစ်တန်ရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုနှင့် ပြည်ပမှတင်သွင်းမှု စုစုပေါင်းမှာ (၉၈,၈၄၇) မက်ထရစ်တန်သာရှိပါသည်။ ပြည်တွင်းမျိုးစေ့လိုအပ်ချက်ကို မျိုးစေ့ထုတ်လုပ်ငန်းများမှ ပံ့ပိုးပေးနိုင်သောရာခိုင်နှုန်းများမှာ အစေ့ထုတ်ပြောင်း (၉၈.၃၉၅ ရာခိုင်နှုန်း)၊ စပါး (၁၆.၁၉၃ ရာခိုင် နှုန်း)၊ ဝါ (၆.၆၉ ရာခိုင်နှုန်း)၊ နေကြာ (၃.၆ ရာခိုင်နှုန်း)၊ ပဲစဉ်းငုံ (၀.၆၁၄ ရာခိုင်နှုန်း)၊ နှမ်း (၀.၃၄၇ ရာခိုင်နှုန်း)၊ မတ်ပဲ (၀.၃၄၆ ရာခိုင်နှုန်း)၊ ပဲတီစိမ်း (၀.၂၉ ရာခိုင်နှုန်း) နှင့် မြေပဲ (၀.၀၀၄ ရာခိုင်နှုန်း) တို့ အသီးသီး ဖြစ်ကြပါသည်။ ထို့ကြောင့် ပြည်တွင်း၌ အရည်အသွေးမြင့်မားသော မျိုးစေ့များကို ပိုမိုထုတ်လုပ်ပြီး တောင်သူများ ယခင်ထက် ပိုမိုသုံးစွဲလာနိုင်ရေး အစိုးရနှင့် ပုဂ္ဂလိကနှစ်ရပ်လုံးပူးပေါင်းဆောင်ရွက်သင့်ပါသည်။ ထို့ပြင် ပြည်တွင်းမျိုးစေ့ကဏ္ဍပိုမိုဖွံ့ဖြိုးလာရေးအတွက် မျိုးစေ့ထုတ်လုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာရေးကိုလည်း ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ (ဇယား-၂)

(နောက်ဆက်တွဲ-က) (စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့အောက်ရှိ ခြံ/စိုက်ကွင်းများမှ မျိုးကောင်းမျိုးသန့် မျိုးစေ့/ ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေကို ဇယား (၃) ဖြင့် ဖော်ပြထားပါသည်။)

ဇယား (၃) ၂၀၂၁-၂၀၂၂ ခုနှစ်၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့အောက်ရှိ ခြံ/စိုက်ကွင်းများမှ မျိုးကောင်းမျိုးသန့် မျိုးစေ့/ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေ

| စဉ် | သီးနှံအမည် | ရေတွက်ပုံ | အရေအတွက် | | စဉ် | သီးနှံအမည် | ရေတွက်ပုံ | အရေအတွက် | |
|---|---|---|---|---|---|---|---|---|---|
| | | | စိုက်ပျိုးရေး | စိုက်/သု | | | | စိုက်ပျိုးရေး | စိုက်/သု |
| ၁ | စပါး (F.S) | တင်း | ၃,၈၈၁ | - | ၁၇ | အထွက်ကောင်းကြံမျိုး | တန် | ၁၀,၀၀၀ | - |
| ၂ | စပါး (R.S) | တင်း | ၉၅,၀၀၀ | ၃,၉၂၁.၄ | ၁၈ | အဖူးဆက်ရာဘာပျိုးပင် | ပင် | ၂၇၁,၉၂၀ | - |
| ၃ | စပါး (C.S) နွေစပါး | တင်း | ၅၁၈,၁၁၁ | ၉၈၇ | ၁၉ | မက္ကဒေးမီးယားပျိုးပင် | ပင် | ၃၀,၀၀၀ | - |
| ၄ | အစေ့ထုတ်ပြောင်း | ကီလို | ၂၂၀,၆၀၀ | ၁၂,၈၇၅ | ၂၀ | ဝါ | ပိဿာ | ၃၉,၄၀၁ | - |
| ၅ | ပဲမျိုးစုံ | တင်း | ၁၈,၇၂၀ | - | ၂၁ | ကော်ဖီ (မျိုးစေ့) | ကီလို | ၇၈၂ | - |
| ၆ | ဆီထွက်သီးနှံ | တင်း | ၂၄,၅၀၉ | - | ၂၂ | ကော်ဖီပျိုးပင် | ပင် | ၁၂၀,၀၀၀ | - |
| ၇ | နေကြာ | ကီလို | ၃၄,၀၈၉ | ၃,၉၇၅ | ၂၃ | ပီလောပီနံမျိုးကိုင်း | ကိုင်း | ၈၄,၀၀၀ | - |
| ၈ | စပ်မျိုးနေကြာ | ကီလို | - | ၁၃၅,၈၉၀ | ၂၄ | ဟင်းသီးဟင်းရွက်မျိုးစေ့ | ကီလို | ၄,၄၁၇ | - |
| ၉ | ဂျုံ | တင်း | ၁၁,၄၄၀ | ၃၀၈ | ၂၅ | သစ်သီးပျိုးပင် | ပင် | ၂၃၀,၈၂၇ | - |
| ၁၀ | ပဲပုပ် | တင်း | - | ၂၇၄.၂၅ | ၂၆ | ပန်းအလှပျိုးပင် | ပင် | ၅၈,၁၂၃ | - |
| ၁၁ | မြေပဲ | တင်း | - | ၇၃၆.၅ | ၂၇ | ငရုတ်ကောင်းပျိုးပင် | ပင် | ၆,၀၂၀ | - |
| ၁၂ | နှမ်း | တင်း | - | ၂၂၉.၅ | ၂၈ | လက်ဖက်ပျိုးပင် | ပင် | ၉၀,၀၀၀ | - |
| ၁၃ | ပဲစင်းငုံ | တင်း | - | ၂၀၈.၇၂ | ၂၉ | တစ်သျှူးပျိုးပင် | ပင် | ၇၀,၅၂၈ | - |
| ၁၄ | မတ်ပဲ | တင်း | - | ၂၄၈.၆၉ | ၃၀ | ပန်းနှမ်း (CS) | တင်း | - | ၅ |
| ၁၅ | နှမ်း | တင်း | - | ၂၂၉.၅ | ၃၁ | ဆူးပန်း (CS) | တင်း | - | ၁၀ |
| ၁၆ | တစ်သျှူးကြံပျိုးပင် | ပင် | ၁၂,၀၀၀ | - | | | | | |

အရင်းအမြစ်။ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (MOALI)

## (ဓ) မြန်မာနိုင်ငံ၏ မျိုးစေ့တင်ပို့၊ တင်သွင်းမှုအခြေအနေ

၃၈။ မြန်မာနိုင်ငံ၏ ပြည်တွင်းမျိုးစေ့ထုတ်လုပ်မှု ပမာဏသည် လိုအပ်ချက်အား အပြည့်အဝဖြည့်တင်းပေးနိုင်ခြင်း မရှိသေးသည့်အတွက် အရည်အသွေးကောင်းမျိုးစေ့များအား ပြည်ပမှ နှစ်စဉ် ဝယ်ယူတင်သွင်းနေရပြီး (Myanmar Agricultural Inputs Registration System-Mairs) မှတစ်ဆင့် မျိုးစေ့တင်သွင်းတင်ပို့ခွင့်ကို ထောက်ခံချက်များ ထုတ်ပေးလျက်ရှိပါသည်။ ၂၀၂၂ ခုနှစ်အထိ မျိုးစေ့တင်ပို့တင်သွင်းရန် ထောက်ခံထားရှိမှုမှာ တင်သွင်းမှုပမာဏ (၁၁,၀၀၀) မက်ထရစ်တန်နှင့် တင်ပို့မှုပမာဏ (၃၉၀) မက်ထရစ်တန် အသီးသီး ရှိခဲ့ပါသည်။ ထိုသို့ တင်ပို့ရာတွင် **အပြည်ပြည်ဆိုင်ရာမျိုးစေ့အရည်အသွေး စစ်ဆေးရေးအဖွဲ့ (International Seed Testing Association-ISTA)** မှ အသိအမှတ်ပြုလက်မှတ်ရရှိပြီးမှသာ ပြည်ပဈေးကွက်သို့ ခိုင်မာစွာ တင်ပို့နိုင်မည် ဖြစ်ပါသည်။

၃၉။ အဓိကတင်သွင်းနေရသောသီးနှံမျိုးများမှာ အစေ့ထုတ်ပြောင်းမျိုးစေ့များ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ၊ အာလူးနှင့် ကိုကိုးမျိုးစေ့များ၊ ပန်းမျိုးစုံပျိုးဥများ၊ ပန်းမျိုးစုံ၊ ဆီအုန်းပျိုးပင်များ၊ ချယ်ရီပန်းနှင့် ထောပတ်ပျိုးကိုင်းများ စသည်တို့ ဖြစ်ကြပါသည်။ အများဆုံးတင်သွင်းနေရသောမျိုးစေ့များမှာ အစေ့ထုတ်ပြောင်းမျိုးစေ့များဖြစ်ပြီး ၂၀၁၉ ခုနှစ်တွင် (၁၆,၂၂၁) တန်၊ ၂၀၂၀ ပြည့်နှစ်တွင် (၁၆,၃၄၃) တန်၊ ၂၀၂၁ ခုနှစ်တွင် (၂၄,၀၂၈) တန်နှင့် ၂၀၂၂ ခုနှစ်တွင် (၁၁,၀၄၁) တန် အသီးသီး တင်သွင်းရန် မျိုးစေ့ဌာနခွဲမှ ထောက်ခံချက် ထုတ်ပေးခဲ့ပါသည်။ ဒုတိယအများဆုံးဖြစ်သော ဟင်းသီးဟင်းရွက်မျိုးစေ့ တင်သွင်းရန်အတွက်လည်း ၂၀၁၉ ခုနှစ်တွင် (၂,၇၃၇) တန်၊ ၂၀၂၀ ပြည့်နှစ်တွင် (၂,၆၅၁) တန်၊ ၂၀၂၁ ခုနှစ်တွင် (၁,၄၈၄) တန် နှင့် ၂၀၂၂ ခုနှစ်တွင် (၉၁၈) တန် အသီးသီး ထောက်ခံပေးခဲ့ပါသည်။ မြန်မာနိုင်ငံသည် မျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းများ ကောင်းစွာ မဖွံ့ဖြိုးသေးသည့်အတွက် မျိုးစေ့တင်ပို့နိုင်မှု များပြားစွာမရှိသေးသော်လည်း ပြည်ပသို့ ဟင်းသီးဟင်းရွက်မျိုးစေ့ ပမာဏ အနည်းငယ် တင်ပို့လျက်ရှိပါသည်။ ထို့ကြောင့် မျိုးစေ့ဌာနခွဲအနေဖြင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ တင်ပို့ရန်အတွက် ၂၀၁၉ ခုနှစ်တွင် (၁၃၃) တန်၊ ၂၀၂၀ ပြည့်နှစ်တွင် (၁၇၈) တန်၊ ၂၀၂၁ ခုနှစ်တွင် (၁၀၀) တန်နှင့် ၂၀၂၂ ခုနှစ်တွင် (၁၀၆) တန် အသီးသီး ထောက်ခံချက်ထုတ်ပေးခဲ့ပါသည်။

(နောက်ဆက်တွဲ-ခ)

## (ဆ) သုံးသပ်ချက်

| | အပေါင်းလက္ခဏာဆောင်သောအချက်များ **(Positive)** | အနှုတ်လက္ခဏာဆောင်သောအချက်များ **(Negative)** |
|---|---|---|
| အတွင်းပိုင်းလွှမ်းမိုးသောအချက်များ **(Internal Factors)** | အားသာချက် **(Strength)**<br>(အစိုးရကဏ္ဍ)<br>• မြန်မာ့မျိုးစေ့ကော်မတီဖွဲ့စည်းထားရှိခြင်း<br>• Myanmar Seed Portal ရှိခြင်း<br>• နိုင်ငံတော်ပိုင် မျိုးစေ့ထုတ် သုတေသနခြံများ ဒေသအနှံ့တွင်ရှိခြင်း<br>• မျိုးစေ့မှတ်ပုံတင်စနစ်ရှိခြင်း<br>• မြေဇရိယာနှင့် အခြားအရင်းအမြစ်များ လုံလောက်မှုရှိခြင်း<br>• အရည်အသွေးကောင်းမွန်သောဒေသမျိုးကွဲများ စုံလင်စွာရှိခြင်း<br>• မျိုးကွဲများကို ထိန်းသိမ်းရန်အတွက် မျိုးစေ့ဘဏ် ရှိခြင်း<br>• အရည်အသွေးမြင့်မားသော မျိုးစေ့များ ထုတ်လုပ်နိုင်ခြင်း<br>• လူသားအရင်းအမြစ်များရှိခြင်း<br>• စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံ ကျောင်းများမှတစ်ဆင့် Breeder များ မွေးထုတ်ပေးနိုင်ခြင်း<br>• နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများ ရရှိခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• ငွေကြေးအရင်းအနှီး လုံလောက်မှုရှိခြင်း<br>• မျိုးစေ့များကို အလွယ်တကူ ရရှိနိုင်ခြင်း<br>• မျိုးစေ့ထုတ်တောင်သူများနှင့် ချိတ်ဆက်မှု အားကောင်းခြင်း<br>• Contract farming စနစ်ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်း | အားနည်းချက် **(Weakness)**<br>(အစိုးရကဏ္ဍ)<br>• ခေတ်မီနည်းစနစ်များဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်မှု အားနည်းခြင်း<br>• အရင်းအမြစ်များကို စနစ်တကျ စီမံခန့်ခွဲမှု အားနည်းခြင်းနှင့် ရေရှည်ထိန်းသိမ်းရန် ငွေကြေးအရင်းအနှီး မြောက်များစွာ ကုန်ကျခြင်း<br>• ဒေသမျိုးများနှင့် အခြားသော စပ်မျိုးများကို variety test များ ပြုလုပ်ကာ တောင်သူများသိရှိစေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ခြင်း<br>• မျိုးစေ့ထုတ်လုပ်မှု အကန့်အသတ်ရှိခြင်း<br>• သတင်းအချက်အလက်များ ရှာဖွေရန်အတွက် Website များနှင့် ပတ်သက်ပြီး awareness မရှိခြင်း<br>• နိုင်ငံတကာလုပ်ငန်းရှင်များနှင့် ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်မှု နည်းပါးခြင်း<br>• အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များ နည်းပါးခြင်းနှင့် လက်ရှိ Breeder များ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ပိုမိုလိုအပ်ခြင်း<br>• အသိပညာပေးခြင်းလုပ်ငန်းများ ထိရောက်မှုအားနည်းခြင်း<br>• သီးနှံနှင့် ဈေးနှုန်း အာမခံစနစ်များ (crop and price insurance) မရှိခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• နည်းပညာနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု နည်းပါးခြင်း<br>• အရည်အသွေးမှန်သော မျိုးစေ့များ ရရှိနိုင်မှု အကန့်အသတ်ရှိခြင်း<br>• ကျွမ်းကျင်လုပ်သားများ ရရှိနိုင်မှု အားနည်းခြင်း<br>• သီးနှံအာမခံစနစ် မရှိခြင်း |
| ပြင်ပ လွှမ်းမိုးသောအချက်များ **(External Factors)** | အခွင့်အလမ်း **(Opportunity)**<br>(အစိုးရကဏ္ဍ)<br>• နိုင်ငံတော်အစိုးရမှ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်၏ ဦးတည်ချက်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လာခြင်း<br>• စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လာခြင်း<br>• တောင်သူနှင့် စိုက်ပျိုးရေးအခြေခံလုပ်ငန်းများအတွက် အခွင့်အရေးနှင့် ချေးငွေများ ပိုမိုရရှိလာနိုင်ခြင်း<br>• ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုကို ကူညီထောက်ပံ့ပေးခြင်း<br>• အိန္ဒိယ၏ NSC ကဲ့သို့ မျိုးစေ့ထုတ်လုပ်ခြင်းကို စနစ်တကျစီမံခန့်ခွဲပြီးထုတ်လုပ်လာနိုင်ပါက ပြည်တွင်းပြည်ပ ဝယ်လိုအားကို ဖြည့်တင်းလာနိုင်ခြင်း<br>• Contract farming စနစ်ဖြင့် ဆောင်ရွက်မှုများ မြင့်တက်လာနိုင်ခြင်း<br>• တောင်သူများ၏ အကျိုးစီးပွား မြင့်မားလာနိုင်ခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• PPP ပိုမိုအားကောင်းလာနိုင်ခြင်း<br>• R & D လုပ်ငန်းများကို ပိုမို အားစိုက်လာနိုင်ခြင်း<br>• အရည်အသွေးပိုင်းဆိုင်ရာနှင့် ပတ်သက်ပြီး ပိုမို ဦးစားပေးလာနိုင်ခြင်း<br>• မျိုးစေ့ထုတ် MSMEs လုပ်ငန်းများ အားကောင်းလာနိုင်သည့်အတွက် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ခြင်း<br>• ပြည်တွင်းထုတ် မျိုးစေ့များ ဈေးကွက်အတွင်း တွင်ကျယ်လာနိုင်ခြင်း<br>• အရည်အသွေးပိုင်းဆိုင်ရာကို ပိုမို အလေးထား ဆောင်ရွက်လာနိုင်ခြင်း<br>• နောက်ကြောင်းပြန်လည် စစ်ဆေးသည့် နည်းစနစ်များ (traceability) ဖွံ့ဖြိုးလာနိုင်ခြင်း | ခြိမ်းခြောက်မှု **(Threat)**<br>(အစိုးရကဏ္ဍ)<br>• ယုံကြည်မှု တည်ဆောက်နိုင်စွမ်း အားနည်းခြင်း<br>• နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များ ရှိခြင်း<br>• ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အကန့်အသတ်များ ဖြစ်ပေါ်ခြင်း<br>• သွင်းအားစုနှင့် သယ်ယူစရိတ်များ မြင့်တက်ခြင်း<br>• အရည်အသွေးပြည့်ဝသော လုပ်သားများ လိုအပ်ခြင်း<br>• ရင်းနှီးမြှုပ်နှံမှုများ လုံလောက်မှု မရှိခြင်း<br>• ရာသီဥတုပြောင်းလဲခြင်း<br>• ပိုးမွှားရောဂါများ ဆိုးရွားစွာ ကျရောက်ခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• သွင်းအားစုကုန်ကျစရိတ်များခြင်း<br>• လုပ်သားငှားရမ်းခများခြင်း<br>• မြေငှားစရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်း<br>• ကုန်ကျစရိတ်နှင့် ပြန်ရချက်အချိုး မမျှခြင်းကြောင့် အရည်အသွေးအား လျှော့ချခြင်း<br>• အပင်ပိုးမွှားရောဂါနှင့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်သတိပေးသည့် စနစ်များ မရှိခြင်း<br>• မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော လုပ်ထုံးလုပ်နည်းနှင့် မူဝါဒများကြောင့် ကန့်သတ်မှုများရှိခြင်း |

မျိုးစေ့ထုတ်လုပ်ခြင်းအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအား SWOT ဖြင့် လေ့လာသုံးသပ်ခြင်း

| | အပေါင်းလက္ခဏာဆောင်သောအချက်များ **(Positive)** | အနုတ်လက္ခဏာဆောင်သောအချက်များ **(Negative)** |
|---|---|---|
| အတွင်းမှ လွှမ်းမိုးစေသည့်အရာများ **(Internal Factors)** | **အားသာချက် (Strength)**<br>(အစိုးရကဏ္ဍ)<br>• နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များမှတစ်ဆင့် ချိတ်ဆက်နိုင်ခြင်း<br>• ကုန်သွယ်မှုအတွက် အထောက်အကူဖြစ်စေမည့် seed fair (မျိုးစေ့ပြပွဲ)၊ trade fair (ကုန်စည်ပြပွဲ) များကျင်းပပေးခြင်း<br>• နိုင်ငံတကာအဖွဲ့အစည်းများနှင့် (Most Favoured Nation, MFN) အခွန်ကင်းလွတ်ခွင့်ကဲ့သို့သော ကုန်သွယ်ရေးဆိုင်ရာသဘောတူညီချက်များရှိခြင်း<br>• ဝယ်လိုအားများပြီးဈေးကွက်အဆင်သင့်ရှိခြင်း<br>• သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ခြင်း<br>• စနစ်တကျစိစစ်ရေးဆွဲထားသော ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲထားရှိခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• ဈေးကွက်ရှာဖွေနိုင်ခြင်းနှင့် ပြည်ပဈေးကွက်ချိတ်ဆက်မှု ကောင်းမွန်ခြင်း<br>• ပြည်တွင်းဈေးကွက်ယှဉ်ပြိုင်မှု အားကောင်းခြင်းနှင့် ဈေးကွက်ခိုင်မာမှုရှိခြင်း<br>• နိုင်ငံတကာမျိုးစေ့ဈေးကွက်ကို လွှမ်းမိုးမှုရှိသော ကုမ္ပဏီကြီးများ၏ လက်အောက်ခံကုမ္ပဏီများ ပြည်တွင်း၌ရှိလာခြင်း | **အားနည်းချက် (Weakness)**<br>(အစိုးရကဏ္ဍ)<br>• အရည်အသွေးပိုင်းဆိုင်ရာ နိမ့်ကျခြင်း<br>• အရည်အသွေးစစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းများ နည်းပါးခြင်း<br>• အရည်အသွေးအသိအမှတ်ပြု ထောက်ခံချက်များ ထုတ်ပေးရာတွင် အားနည်းချက်ရှိခြင်း<br>• နိုင်ငံတကာပြပွဲများသို့ သွားရောက်ရန် လှုံ့ဆော်အားပေးမှုနှင့် ချိတ်ဆက် ဆောင်ရွက်ပေးနိုင်မှု အားနည်းခြင်း<br>• ကုန်သွယ်ရေးနှင့်ပတ်သက်သည့် အခြေခံအဆောက်အအုံများ (သိုလှောင်ရုံများ၊ ဓာတ်ခွဲခန်းများ စသည်) ဖွံ့ဖြိုးမှု မရှိခြင်း<br>• နည်းပညာဖွံ့ဖြိုးမှုနှင့် အကူအညီများလိုအပ်ခြင်း<br>• ဈေးကွက်ယှဉ်ပြိုင်နိုင်မှု အားနည်းခြင်း<br>• မျိုးစေ့များကို အလွယ်တကူနှင့် လုံလောက်စွာ မဖြန့်ဝေနိုင်ခြင်း<br>• သက်ဆိုင်ရာဌာနအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း<br>• ချမှတ်ထားသည့်ဥပဒေများအတိုင်း ထိရောက်စွာဆောင်ရွက်နိုင်မှု အားနည်းခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• တရားမဝင်လမ်းကြောင်းများအား အသုံးပြု၍ ရောင်းဝယ်ဖောက်ကားမှုပြုခြင်း<br>• ဈေးနှုန်းကွာဟချက်များပြားခြင်း<br>• သတင်းအချက်နှင့် ဒေတာများ ရရှိနိုင်မှု နည်းပါးခြင်း<br>• တီထွင်ဆန်းသစ်နိုင်စွမ်း နည်းပါးခြင်း<br>• သုတေသနလုပ်ငန်းများတွင် ငွေကြေးသုံးစွဲမှု နည်းပါးခြင်း<br>• မျိုးစေ့အရည်အသွေးအပေါ် အာမခံနိုင်စွမ်း မရှိခြင်း |
| ပြင်ပမှ လွှမ်းမိုးစေသည့်အရာများ **(External Factors)** | **အခွင့်အလမ်း (Opportunity)**<br>(အစိုးရကဏ္ဍ)<br>• ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာဈေးကွက်များသို့ ပိုမိုဝင်ရောက်နိုင်ခြင်း<br>• ကုန်သွယ်ရေးဗဟိုဌာနများနှင့် ကုန်စည်ပြပွဲများ ပြည်တွင်း၌ ပေါ်ပေါက်လာနိုင်ခြင်း<br>• အရည်အသွေးစိတ်ချကောင်းမွန်သော မျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ခြင်း<br>• တန်ဖိုးမြင့်ထုတ်ကုန်စည်များ ပိုမိုထုတ်လုပ်နိုင်လာခြင်း<br>• အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်နိုင်သည်နှင့်အမျှ ကမ္ဘာ့ဈေးကွက်ဝယ်လိုအား များလာနိုင်ခြင်း<br>• အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာနိုင်ခြင်း<br>• ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာနိုင်ခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• ကုန်သွယ်မှုမှတစ်ဆင့် Foreign Direct Investment များ ပိုမိုရရှိလာနိုင်ခြင်း<br>• စိုက်ပျိုးရေးလုပ်ငန်းများအပေါ် စိတ်ဝင်စားသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ များပြားလာနိုင်ခြင်း<br>• အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှု အားကောင်းလာ နိုင်ခြင်း<br>• Supply chain တစ်လျှောက် ပါဝင်သူများ အကျိုးအမြတ် ရရှိနိုင်ခြင်း | **ခြိမ်းခြောက်မှု (Threat)**<br>(အစိုးရကဏ္ဍ)<br>• ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အတားအဆီးများ ဖြစ်ပေါ်ခြင်း<br>• အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှု အားနည်းခြင်း<br>• မျိုးစေ့ဈေးနှုန်းများ ယှဉ်ပြိုင်နိုင်စွမ်း အားနည်းခြင်း<br>• သယ်ယူပို့ဆောင်စရိတ်များ ကြီးမြင့်ခြင်း<br>• တရားမဝင်ကုန်စည်လမ်းကြောင်းများရှိခြင်း<br><br>(ပုဂ္ဂလိကကဏ္ဍ)<br>• အရည်အသွေးမပြည့်ဝသော မျိုးစေ့များ ဈေးကွက်အတွင်းသို့ ဝင်ရောက်ခြင်း<br>• အရည်အသွေးစစ်ဆေးသည့် စနစ်နှင့် လုပ်ထုံးလုပ်နည်းများ ထိရောက်မှု နည်းပါးခြင်း<br>• သိုလှောင်ထိန်းသိမ်းခြင်း နည်းစနစ်များ အားနည်းခြင်း<br>• ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သွားလာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲခြင်း<br>• နိုင်ငံခြားသုံးငွေ မူဝါဒအရ အကန့်အသတ်များ ရှိနေခြင်း<br>• ဝန်းကျင်ကောင်းများ (Enabling environment) ဖန်တီးနိုင်စွမ်း နည်းပါးခြင်း |

မျိုးစေ့ကုန်သွယ်မှုအတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအား SWOT ဖြင့် လေ့လာသုံးသပ်ခြင်း

## (ဓ) မူဝါဒဆိုင်ရာ အကြံပြုချက်များ

၄၀။ မြန်မာ့မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အောက်ဖော်ပြပါအချက်အလက်များကို ထည့်သွင်းစဉ်းစားပေးရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်-

(က) အပင်မျိုးမွေးမြူခြင်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် သီးနှံအလိုက် ဒေသမျိုးများနှင့် အထွက်ကောင်းမျိုးများအား စုဆောင်းပြီး ဇီဝလက္ခဏာများစစ်ဆေးပြုစုထိန်းသိမ်းခြင်းကို အားပေးကူညီခြင်း၊

(ခ) ဒေသနှင့်ကိုက်ညီမှုရှိသော အရည်အသွေးကောင်းမျိုးစေ့များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် နိုင်ငံပိုင်စိုက်ကွင်းများတွင် မျိုးပွားမျိုးစေ့များ ပိုမိုထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီခြင်း၊

(ဂ) မျိုးစေ့ထုတ်လုပ်ငန်းများတွင် တောင်သူများစိတ်ဝင်စားမှု ပိုမိုမြင့်မားလာစေရန် အသိပညာပေးလုပ်ငန်းများ၊ ချေးငွေသွင်းအားစုနှင့် နည်းပညာများ၊ မျိုးစေ့ထုတ်လုပ်ရာဒေသအလိုက် စက်ပစ္စည်းနှင့် အခြေခံအဆောက်အဦများစသည်တို့ကို ထောက်ပံ့ကူညီခြင်း၊

(ဃ) မျိုးစေ့ထုတ်တောင်သူများ ရေရရှိရေးအတွက် ရေပေးဝေရေးစနစ်များအား အဆင့်မြှင့်တင်ပေးခြင်း၊ ပိုးမွှားရောဂါနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် စောင့်ကြည့်သတိပေးစနစ်များ တပ်ဆင်ပေးခြင်း၊

(င) contract farming စနစ် ပိုမိုအားကောင်းလာစေရေး ပံ့ပိုးကူညီပေးပြီး တောင်သူများမှ ထုတ်လုပ်သည့် မျိုးစေ့များကို သက်ဆိုင်ရာအဖွဲ့အစည်းများမှ သီးနှံအာမခံစနစ်များ၊ ဈေးနှုန်းအာမခံစနစ်များကဲ့သို့သော အထောက်အကူပြုစနစ်များဖြင့် ပြန်လည်ဝယ်ယူနိုင်ရေး အားပေးကူညီခြင်း၊

(စ) တောင်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှု မြှင့်တင်ရေးအတွက် ကြုံတွေ့ရသောပြဿနာများအပေါ် ကူညီဖြေရှင်းပေးခြင်း၊ သီးနှံနှင့် ပတ်သက်ပြီး ထိရောက်သည့် အကြံပြုချက်များပေးခြင်း၊ ခိုင်မာသောဈေးကွက်များနှင့် ချိတ်ဆက်ပေးခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းများတွင် ပိုမိုပါဝင်လာနိုင်စေရန် မက်လုံးများ (incentives) ပေးခြင်း စသည်တို့ ဆောင်ရွက်ပေးခြင်း၊

(ဆ) မျိုးစေ့ဈေးနှုန်းများ ယှဉ်ပြိုင်နိုင်ရေးအတွက် အရည်အသွေးအဆင့်အတန်းမီသော ထုပ်ပိုးမှုများဖြင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခြင်း၊

(ဇ) ထုတ်လုပ်မှုကုန်ကျစရိတ်နှင့် ပြန်ရချက်အချိုး မျှတစေရေးအတွက် အခြေခံသွင်းအားစုများအား ထိုက်သင့်သည့်ဈေးနှုန်းများဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊

(ဈ) ပြည်ပမှ အရည်အသွေးနိမ့်သောမျိုးစေ့များ ဝင်ရောက်ခြင်းအား ထိန်းချုပ်နိုင်ရန်အတွက် အပင်ပိုးမွှားရောဂါများအား စနစ်တကျစစ်ဆေးမှု ပြုလုပ်ခြင်း၊

(ည) မျိုးစေ့အရည်အသွေးများအား အလွယ်တကူ စစ်ဆေးနိုင်မည့် ဓာတ်ခွဲခန်းများကို အချက်အချာကျသောဒေသများတွင် ဖွင့်လှစ်ပေးခြင်းနှင့် မျိုးစေ့၏အရည်အသွေးနှင့်ပတ်သက်ပြီး အသိအမှတ်ပြုလက်မှတ်များထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ စစ်ဆေးရေးဝန်ထမ်းများမှ စနစ်တကျ စစ်ဆေးဆောင်ရွက်ပေးခြင်း၊

(ဋ) အရည်အသွေးအဆင့်အတန်းမီသော မျိုးစေ့များအား နိုင်ငံတကာပြပွဲများတွင် ပြသနိုင်ရေးအတွက် လှုံ့ဆော်အားပေးမှုများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးမှုများ ပြုလုပ်သွားခြင်းနှင့် မျိုးစေ့ထုတ်လုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ပေးခြင်း၊

(ဌ) ပြည်တွင်း၊ ပြည်ပမျိုးစေ့ဈေးကွက်နှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းအချက်အလက် (Update) များအား ပုံမှန်ထုတ်ပြန်ပေးခြင်း၊

(ဍ) အရည်အသွေးပြည့်ဝသည့် လူသားအရင်းအမြစ်များကို ပိုမိုမွေးထုတ်ပေးနိုင်ရေးအတွက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်းနှင့် ကောင်းမွန်သော ဇီဝလက္ခဏာများ ပါဝင်သည့် မျိုးသစ်များအား ပြည်တွင်းသုတေသနဌာနများ၌ပင် ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးခြင်း၊

(ဎ) ချမှတ်ထားပြီးဖြစ်သော မူဝါဒလုပ်ထုံးလုပ်နည်းများအား အလျဉ်းသင့်သလို ထိန်းညှိမှုများ ဆောင်ရွက်ပေးခြင်း။

## ကိုးကားချက်များ


စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မျိုးစေ့ဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Alberta Seed Guide

Allied Market Research

American Seed Trade Association, ASTA

International Seed Federation, ISF


Myanmar Seed Portal

National Seeds Corporations Limited. India

Seed Net India Portal

S & P Global Commodity Insights

World Integrated Trade Solution, World Bank, WITS


ပုံနှိပ်သူ-မိဘအေးရိပ်ပုံနှိပ်တိုက် (၀၀၉၀၂)

Phone: ၀၉-၅၁၉၆၈၆၆၊ ၀၉-၄၃၁၁၄၁၄၄

Address: အမှတ်-၃၆/ဘီ၊ (၅၅) လမ်း၊
အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။



လယ်ယာစီးပွားနှင့်ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

Email: agribusiness.dopmoali@gmail.com

Phone: ၀၆၇၃-၄၁၀၁၀၇၊ ၀၆၇၃-၄၁၀၆၈၄

Address: ရုံးအမှတ် (၁၅)၊ နေပြည်တော်။

နောက်ဆက်တွဲ (က)

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seeds) လိုအပ်ချက်

| သီးနှံအမည် | စိုက်ဧက (ဧက) | မျိုးလိုအပ်ချက် (တင်း) | CS မျိုးစေ့ လိုအပ်ချက် (တန်) | တစ်ဧက မျိုးစေ့နှုန်းထား |
|---|---|---|---|---|
| စပါး | ၁၇,၂၀၂,၉၄၁ | ၂၅,၈၀၄,၄၁၂ | ၅၂၉,ဒ၀၈ | ၁.၅ တင်း |
| အစေ့ထုတ်ပြောင်း | ၂,၀၇၀,၄၈၂ | ၅၁၇,၆၂၀ | ၁၂,၇၁၂ | ၄ ပြည် |
| မြေပဲ | ၂,၈၁၈,၇၈၃ | ၂၂,၅၅၀,၂၆၄ | ၂၅၁,၆၇၇ | ၈ တင်း |
| နှမ်း | ၃,၇၉၆,၉၄၈ | ၄၁၇,၉၆၄ | ၁၀,၀၇၇ | ၂ ပြည် |
| နေကြာ | ၅၉၂,၂၈၆ | ၁၄၈,၀၅၂ | ၂,၁၁၅ | ၄ ပြည် |
| မတ်ပဲ | ၂,၃၁၈,၂၁၁ | ၈၆၀,၉၂၀ | ၂၈,၃၁၆ | ၆ ပြည် |
| ပဲတီစိမ်း | ၂,၈၄၉,၉၆၇ | ၁,၀၈၂,၉၈၇ | ၃၄,၈၀၂ | ၆ ပြည် |
| ပဲစဉ်းငုံ | ၁,၀၆၇,၂၀၉ | ၄၀၅,၅၃၉ | ၁၃,၀၃၆ | ၆ ပြည် |
| ဝါ | ၃၀၉,၉၇၀ | ၁,၁၆၉,၉၁၈ | ၁,၉၀၇ | ၃ ပိဿာ |
| စုစုပေါင်း | ၃၃,၁၀၉,၇၁၇ | ၅၂,၉၇၇,၆၉၉ | ၈၈၄,၅၆၀ | |

*အရင်းအမြစ်။ စိုက်ပျိုးရေးဦးစီးဌာန (MOALI)*

နောက်ဆက်တွဲ (ဃ

နှစ်အလိုက် မျိုးစေ့၊ ပျိုးပင်၊ ပျိုးဥနှင့် ပျိုးကိုင်းများ၏ တင်သွင်း၊ တင်ပို့ထောက်ခံချက် ထုတ်ပေးမှုအခြေအနေ

| အမျိုးအမည် | ရေတွက်ပုံ | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | | ၂၀၂၁ ခုနှစ် | | ၂၀၂၂ ခုနှစ် | |
|---|---|---|---|---|---|---|---|---|---|
| | | တင်သွင်း | တင်ပို့ | တင်သွင်း | တင်ပို့ | တင်သွင်း | တင်ပို့ | တင်သွင်း | တင်ပို့ |
| အစေ့ထုတ်ပြောင်းမျိုးစေ့ | တန် | ၁၆,၂၂၁ | | ၁၆,၃၄၃ | | ၂၄,၀၂၈ | | ၁၁,၈၄၁ | |
| ဟင်းသီးဟင်းရွက်မျိုးစေ့ | တန် | ၂,၇၃၇ | ၁၃၃ | ၂,၆၅၁ | ၁၇၈ | ၁,၄၈၄ | ၁၀၀ | ၉၁၈ | ၁၀၆ |
| အာလူး၊ ကိုကိုးမျိုးစေ့ | စေ့ | ၁၁,၃၄၅ | | ၁၄,၄၀၀ | | | | | |
| အခြားမျိုးစေ့ | တန် | ၁,၈၀၃ | | ၁၀,၉၈၁ | | ၁,၀၀၇ | | ၆၀၄ | ၂၉၆ |
| ပန်းမျိုးစုံပျိုးဥ | ဥ | ၇၆၃,၈၆၅ | | ၁,၁၇၃,၆၅၅ | | ၅၉၅,၇၀၀ | | ၈၉၂,၅၅၈ | |
| ပန်းမျိုးစုံ၊ ဆီအုန်းပျိုးပင် | ပင် | ၅၉၁,၆၅၂ | | ၃၂,၆၅၀ | | ၉,၃၃၂ | | ၁,၅၅၄,၁၃၃ | |
| ချယ်ရီပန်း၊ ထောပတ်ပျိုးကိုင်း | ကိုင်း | | | ၂၂,၈၀၀ | | ၁၀,၀၀၀ | | ၁၅၅ | |

*အရင်းအမြစ်။ စိုက်ပျိုးရေးဦးစီးဌာန (MOALI)*

နောက်ဆက်တွဲ (ဂ)

အမျိုးသားမျိုးစေ့ကော်ပိုရေးရှင်း (National Seeds Corporations-NSC) မှ ရရှိနိုင်သည့် သီးနှံအလိုက် မျိုးစေ့/ပျိုးပင်များ (၃၁-၃-၂၀၁၉ ထိ)

| လယ်ယာသီးနှံများ | | | | ဟင်းသီးဟင်းရွက်များ | | | | သစ်သီးဝလံများ | | |
|---|---|---|---|---|---|---|---|---|---|---|
| စဉ် | သီးနှံ | စပ်မျိုး | OPV | စဉ် | သီးနှံ | စပ်မျိုး | OPV | စဉ် | သီးနှံ | မျိုးပေါင်း |
| ၁ | ပြောင်း (Maize) | ၇ | | ၁ | ဟင်းနုနွယ်ဆူးပေါင်ပင် (Amaranthus) | | ၂ | ၁ | ရှောက် (Citrus) | ၉၈ |
| ၂ | ဆပ်(Bajra/ Pearl Millet) | ၈ | ၁ | ၂ | ပဲနံ့သာစေ့ (Methi) | | ၃ | ၂ | မာလကာ (Guava) | ၄၇ |
| ၃ | နှံစားပြောင်း (Sorghum (CSH-30)) | ၁ | ၅ | ၃ | ဟင်းနုနွယ် (Palak) | | ၂ | ၃ | ဆီးသီးအသေး (ber) | ၁၈ |
| ၄ | စပါး (Paddy (SL-8-H) | ၁ | ၃၈ | ၄ | ရုံးပတီ (Bhindi) | ၃ | ၅ | ၄ | ဆီးဖြူသီး (Aonla) | ၁၀ |
| ၅ | ဂျုံ (Wheat) | | ၆၄ | ၅ | ခရမ်း (Brinjal) | ၈ | ၆ | ၅ | ဥသျှစ် (Bael) | ၂၁ |
| ၆ | မုယောစပါး (Barley) | | ၈ | ၆ | ငရုတ် (Chilies) | ၅ | ၄ | ၆ | သရက် (Mango) | ၂ |
| ၇ | ဆပ် (Ragi/Finger Millet) | | ၈ | ၇ | ငရုတ်ချို (Capsicum) | ၂ | ၁ | ၇ | သလဲသီး (Pomegranate) | ၉ |
| ၈ | ဆပ် (Foxtail Millet) | | ၂ | ၈ | ခရမ်းချဉ် (Tomato) | ၉ | ၄ | ၈ | စွန်ပလွန် (Date Palm) | ၈ |
| ၉ | ပဲတီစိမ်း(Moong) | | ၁၃ | ၉ | ပဲလွန်း (Cowpea) | | ၃ | ၉ | သဖန်းသီး (Fig) | ၁ |
| ၁၀ | Moth bean | | ၂ | ၁၀ | ထောပတ်ပဲ (Dolichos) | | ၃ | ၁၀ | မက်မွန် (Peach) | ၁ |
| ၁၁ | မတ်ပဲ (Black gram) | | ၁၇ | ၁၁ | ပန်းဂေါ်ဖီ (Cauliflower) | ၂ | ၃ | ၁၁ | ဆီးသီးအကြီး (Plum) | ၁ |
| ၁၂ | ပဲစဉ်းငုံ (Arhar/Red gram) | ၁ | ၁၅ | ၁၂ | ဂေါ်ဖီထုပ် (Cabbage) | ၃ | ၂ | ၁၂ | သပြေသီး (Jamum) | ၂ |
| ၁၃ | ပဲလွန်း (Cowpea) | | ၂ | ၁၃ | နိုကိုဥ (Knol Khol) | | ၁ | ၁၃ | အခြား | ၃ |
| ၁၄ | ပဲရာဇာ (Lentil) | | ၆ | ၁၄ | မုန်လာဥ (Radish) | ၁ | ၅ | | | |
| ၁၅ | ပဲ (Peas) | | ၆ | ၁၅ | မုန်လာ (Turnip) | ၁ | | | | |
| ၁၆ | ပဲ (Gram) | | ၁၈ | ၁၆ | မုန်လာဥနီ (Carrot) | ၂ | ၁ | | | |
| ၁၇ | ပဲပုပ် (Soyabean) | | ၁၅ | ၁၇ | ကြက်သွန်နီ (Onion) | ၄ | ၅ | | | |
| ၁၈ | Lin Seeds | | ၃ | ၁၈ | ဘူးသီး (Bottle Gourd) | ၇ | ၅ | | | |
| ၁၉ | ကြက်ဆူ (Castor) | ၁ | ၁ | ၁၉ | ကြက်ဟင်းခါး (Bitter Gourd) | ၄ | ၄ | | | |
| ၂၀ | မြေပဲ (Groundnut) | | ၂၈ | ၂၀ | သခွတ် (Sponge Gourd) | ၃ | ၂ | | | |
| ၂၁ | နေကြာ (Sunflower) | ၃ | | ၂၁ | ခဝဲ (Ridge Gourd) | | ၃ | | | |
| ၂၂ | မုန်ညင်းစိမ်း (Mustard) | | ၁၂ | ၂၂ | ဘူးသီးအသေး (Tinda) | | ၁ | | | |
| ၂၃ | ဆီမုန်ညင်း (Toria/Rapeseed) | | ၂ | ၂၃ | သခွား (Cucumber) | ၄ | ၂ | | | |
| ၂၄ | Taramira | | ၁ | ၂၄ | သခွားမွှေး (Muskmelon) | ၂ | ၄ | | | |
| ၂၅ | နှမ်း (Sesamum) | | ၃ | ၂၅ | ဖရဲ (Watermelon) | ၄ | ၁ | | | |
| ၂၆ | ဆူးပန်း (Safflower) | | ၂ | ၂၆ | ဖရုံ (Pumpkin) | ၁ | | | | |
| ၂၇ | အစေ့ထုတ်ပြောင်း (Fodder maize) | | ၂ | ၂၇ | စီယာ (Cumin) | | ၁ | | | |
| ၂၈ | ပဲမျိုးရင်းဝင်အပင် (Berseem) | | ၄ | ၂၈ | နံနံ (Coriander) | ၂ | ၃ | | | |
| ၂၉ | ပဲ (Fodder Guar) | | ၅ | ၂၉ | အာလူး (Potato) | | ၆ | | | |
| ၃၀ | နှံစား (Fodder Sorghum) | ၂ | ၆ | ၃၀ | နိုကိုဥ (Khol-knol) | ၁ | ၁ | | | |
| ၃၁ | တိရစ္ဆာန်စာ (Lucern) | | ၁ | ၃၁ | ပန်းပွင့်စိမ်း (broccoli) | ၁ | | | | |
| ၃၂ | မုဆယာ (Oat Kent) | | ၁ | ၃၂ | ချောက်ဖရုံ (Sweetgourd) | ၁ | | | | |
| ၃၃ | ဂုံလျှော် (Jute) | | ၆ | ၃၃ | ဘိုစားပဲ (French bean) | | ၃ | | | |
| ၃၄ | ဝါ (Cotton) | ၁ | ၂ | ၃၄ | ကြက်သွန်ဖြူ (Garlic) | | ၁ | | | |
| ၃၅ | ပန်းနှမ်း (Niger) | | ၃ | ၃၅ | နနွင်း (Turmeric) | | ၃ | | | |
| ၃၆ | တိရစ္ဆာန်စာ (Kulthi) | | ၁ | ၃၆ | Ole | | ၁ | | | |
| | | | | ၃၇ | ဂျင်း(Ginger) | | ၁ | | | |
| စုစုပေါင်း | | ၂၅ | ၃၀၃ | စုစုပေါင်း | | ၇၀ | ၉၂ | စုစုပေါင်း | | ၂၂၁ |

*အရင်းအမြစ်။* ***National Seeds Corporations Limited, India***